**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ်ပြည်သူ့လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး**

**ပထမနေ့မှတ်တမ်း**

**၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်**

**(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ **အခမ်းအနားမှူး**အဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန် ၊ ၁၀း၀၀။

**အခမ်းအနားမှူး** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ လွှတ်တော်ရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး** ။ ပြည်သူ့လွှတ်တော်**ဥက္ကဋ္ဌ**ကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်**ဥက္ကဋ္ဌ**သည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ငါး ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာ ပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် ရက်စွဲပါကြေညာချက်အမှတ် (၄၆/၂၀၁၂) အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူး ကျော်ကျော်သက်၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ ရက်စွဲပါကြေညာချက်အမှတ် (၁/၂၀၁၃) အရ တောင်ငူလေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးပြည့်ဖြိုးကျော်၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့ ရက်စွဲပါကြေညာချက်အမှတ် (၂/၂၀၁၃) အရ တပ်မတော်သားကိုယ်စားလှယ် အမှတ်(၃) တပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ ဒုတိယဗိုလ်မှူးကြီးမိုးကျော်ဦး အမှတ်(၆) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းမှ ဒုတိယဗိုလ်မှူးကြီး ဇော်ဇော်မြင့် အမှတ်(၁၀) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းမှ ဒုတိယဗိုလ်မှူးကြီးမြတ်ကို စုစုပေါင်း တပ်မတော်သားကိုယ်စားလှယ် ငါး ဦး အစားထိုးပြောင်းလဲထားရှိတာရှိပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦး အနေဖြင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ခ) အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ယခုကတိသစ္စာပြုရမည့် ကိုယ်စားလှယ်များ မိမိစားပွဲပေါ်ရှိ ကတိစ္စာပြုလွှာများကိုယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးဖို့ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကိုတိုင်ပေးတဲ့အခါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦးက လိုက်ဆိုဖို့ ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။ စတင်ပါ့မယ်။ ဥက္ကဋ္ဌက ကျွန်ုပ်လို့ပြောတဲ့အခါမှာ ကိုယ်စားလှယ် အသစ်များအနေနဲ့ မိမိနာမည်ကိုဖော်ပြလိုက်ဆိုပေးပါ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကတိ သစ္စာပြုချက်-

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦးက ကတိသစ္စာပြုပါသည်။]

"ကျွန်ုပ် --------------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများ ကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့် သိရှိသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည် ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက် တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**ဥက္ကဋ္ဌ။** ။ အားလုံးထိုင်နိုင်ပါပြီ။

**ဥက္ကဋ္ဌ။** ။ယခု ကတိသစ္စာပြုပြီးသည့် ကိုယ်စားလှယ်ငါးဦးဟာ မိမိအတွက် သတ်မှတ် ထားတဲ့နေရာရောက်ရှိပြီးတဲ့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုလွှာ ပေါ်တွင် မိမိရဲ့အမည်၊ ရာထူးကိုရေးသားပြီး လက်မှတ်ရေးထိုး၍ အစည်းအဝေးအပြီးမှာ လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကိုအပ်နှံရန် ဖြစ်ပါတယ်။

**ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၉ ဦး ရှိတဲ့အနက် ၃၉၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်သူဦးရေစုစုပေါင်းရဲ့ ၉၂.၅၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းအသိပေးခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း**

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)။** ။လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် ပထမအကြိမ် ပြည်သူ့ လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် တက်ရောက်နိုင်ခြင်း မရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအခြေအနေအား ကျွန်တော် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌမှ စုပေါင်းခွင့်ပန်ကြားခွင့်ပြုရန် ဦးစွာတင်ပြ အပ်ပါတယ်ခင်ဗျား။ ယနေ့ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၄၂၉ ဦး၊ ယနေ့ တက်ရောက်သူ ၄၂၉ ဦး ခွင့်ပန်ကြားထားသူ ၃၂ ဦးဖြစ်ပါတယ်ခင်ဗျား။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားသူ ၃၂ ဦးရဲ့ အခြေအနေအသေးစိတ်ကို ဆက်လက်တင်ပြအပ်ပါတယ်-

(၁) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စအတွက် ခွင့် ၃ ရက်၊

(၂) ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်း ဆေးစစ်ရန်ရှိပါသဖြင့် ခွင့် ၃ ရက်၊

(၃) ထားဝယ်မဲဆန္ဒနယ်မှ ဦးကြည်မင်း ကျန်းမာရေးအရ ခွင့် ၃ ရက်၊

(၄) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ပြည်ပခရီးစဉ်အရ ခွင့် ၁၀ ရက်၊

(၅) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ပြည်ပခရီးစဉ် ခွင့် ၁၀ ရက်၊

(၆) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး ကျန်းမာရေးအရ ခွင့် ၂ ရက်၊

(၇) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ပြည်ပခရီးစဉ်

(၈) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ကျန်းမာရေးအရ ခွင့် ၃ ရက်၊

(၉) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း မိခင်၏နာရေးကိစ္စ ခွင့် ၃ ရက်၊

(၁၀) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ခွင့် ၃ ရက်၊

(၁၁) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စအတွက် ခွင့် ၃ ရက်၊

(၁၂) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ပြည်ပဆေးကုခံရန်အတွက် အစည်းအဝေးပြီးဆုံးသည် အထိ၊

(၁၃) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ခွင့် ၃ ရက်၊

(၁၄) ဆော့လော်မဲဆန္ဒနယ်မှ ဦးဖောင်းခေါင် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် ၂၉ ရက်၊

(၁၅) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ခွင့် ၃ ရက်၊

(၁၆) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ခွင့် ၃ ရက်၊

(၁၇) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ခွင့် ၃ ရက်၊

(၁၈) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် ခွင့် ၃ ရက်၊

(၁၉) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ဒေသဖွံ့ဖြိုးရေးကိစ္စဆောင်ရွက်ရန် ခွင့် ၃ ရက်၊

(၂၀) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ကျန်းမာရေး ခွင့် ၁ ရက်၊

(၂၁) ဝါးခယ်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ကျန်းမာရေးကိစ္စ ခွင့် ၅ ရက်၊

(၂၂) ဗိုလ်မှူးမင်းကိုဦး တပ်မတော်သားကိုယ်စားလှယ် စစ်ဆင်ရေးတာဝန်အတွက်အစည်း အဝေးပြီးဆုံးသည်အထိ၊

(၂၃) ဗိုလ်မှူးတင်ထွန်း တပ်မတော်သားကိုယ်စားလှယ် သင်တန်းတက်ရောက်ရန်ကိစ္စ ခွင့် ၃၀ ရက်၊

(၂၄) ဗိုလ်မှူးသက်မိုးအောင် သင်တန်းကိစ္စ သင်တန်းပြီးဆုံးသည်အထိ၊

(၂၅) ဗိုလ်မှူးမင်းစိုး သင်တန်းတက်ရောက်ရန်ကိစ္စ အစည်းအဝေးပြီးဆုံးသည်အထိ၊

(၂၆) ကျောက်မဲမဲဆန္ဒနယ်မှ ဦးဆောင်ဆီ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ခွင့် ၃ ရက်၊

(၂၇) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ခွင့် ၃ ရက်၊

(၂၈) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ခွင့် ၃ ရက်၊

(၂၉) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ကျန်းမာရေးကိစ္စအတွက် ခွင့် ၁၃ ရက်၊

(၃၀) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ခွင့် ၃ ရက်၊

(၃၁)  မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ခွင့် ၃ ရက်၊

(၃၂)  တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၂ ရက်၊ စုစုပေါင်း တင်ပြသူ ၃၂ ဦးအား အစည်းအဝေးမှ ခွင့်ပြုနိုင်ပါရန်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။  ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကိုမှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။  ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၂ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြု ပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။  ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။  ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး နှစ်သစ်မှာ မင်္ဂလာပါ။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။  ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး နှစ်သစ်မှာမင်္ဂလာပါ။ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပြီး အများပြည်သူအကျိုး၊ တိုင်းပြည်အကျိုးပိုမို သယ်ပိုးထမ်းဆောင်နိုင်ကြပါစေ။ ငြိမ်းချမ်းပြီး သာယာချမ်းမြေ့သော နိုင်ငံအဖြစ် ပြည်သူများနဲ့အတူ လက်တွဲညီညီ ဆောင်ရွက်နိုင်ကြပါစေ။ ပြည်သူ့ကိုယ်စားလှယ်များ လွှတ်တော်ကိုယ်စားလှယ်များပီပီ နိုင်ငံတကာ စံချိန်စံညွှန်းမီသော ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းစေသော ဥပဒေများ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်သော ဥပဒေများကို မှန်ကန်စွာဖြင့် များများနှင့်မြန်မြန်ပြဋ္ဌာန်းပေးနိုင်ကြပါ စေ။ တည်ဆဲဥပဒေများကို ပြည်သူများ ဥပဒေပြုရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေး အဖွဲ့အစည်းများ၊ ဝန်ထမ်းများနှင့် သတင်းမီဒီယာအားလုံးက စောင့်ထိန်းလိုက်နာကြရင်း အချင်းချင်း အပြန်အလှန် ထိန်းကျောင်းပူးပေါင်း ဆောင်ရွက်နိုင်ကြပါစေ။ နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးလူ့အခွင့်အရေးများကို တရားနည်းလမ်းကျစွာဖြင့် ဖော်ဆောင်ခြင်း ပြုနိုင်ကြပြီး ဥပဒေစိုးမိုးခြင်း၊ တည်ငြိမ်အေးချမ်းခြင်းတို့နှင့်အတူ ငြိမ်းချမ်းရေးအလျင်အမြန် ဖော်ဆောင်နိုင်ကြ ပါစေ လို့ ဦးစွာ ဆန္ဒပြုရင်း နှုတ်ခွန်းဆက်အပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူတွေနှင့် ၎င်းတို့နေထိုင်ရာဒေသမှာ အမှန် တကယ် လိုအပ်နေတဲ့ကိစ္စတွေ၊ တွေ့ကြုံနေတဲ့ အခက်အခဲတွေကို ကူညီဖြေရှင်းပေးဖို့ ကူညီဆောင်ရွက်ပေးဖို့ဟာ

ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်တွေမှာ တာဝန်ရှိပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ မေးမြန်းပြောဆိုဆွေးနွေးမှုများဖြင့် လည်းကောင်း၊ အဆိုပြုတိုက်တွန်းမှုများဖြင့် လည်းကောင်း၊ ဥပဒေပြုမှုတွေဖြင့်လည်းကောင်း လွှတ်တော်အတွင်းမှာ ဆောင်ရွက်ကြရပြီး လွှတ်တော်ပြင်မှာတော့ ပြည်သူတွေထံသွားပြီး ပြည်သူ့အသံ ပြည်သူ့ဆန္ဒများ ကြားအောင် နားထောင် မြင်အောင်ကြည့်ပြီး မှန်ကန်စွာ သုံးသပ်၍ အုပ်ချုပ်ရေးမှာ တာဝန်ရှိသူတွေနှင့် သက်ဆိုင် တဲ့ အဖွဲ့အစည်းများမှ တာဝန်ရှိသူတွေပါ တရားနည်းလမ်းတကျ မျှမျှတတ အသိပေးဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်မှုတွေကို လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ဒါမှသာ အပ်နှင့်ထွင်းရမည့်ကိစ္စလေးကို ပေါက်ဆိန်ဖြင့် ပေါက်စရာမလိုဘဲ အချိန်မီဆောင်ရွက်သွားနိုင်ကြမှာ ဖြစ်ပါတယ်။ ဒါမှသာ ပြည်သူ့ဆန္ဒ ပြည်သူ့အခွင့်အရေးနှင့် ပြည်သူ့အကျိုးစီးပွားအတွက် လက်တွေ့ကျကျ ဆောင်ရွက်နိုင်ကြမှာ ဖြစ်ကြဖို့ စေတနာ၊ သဒ္ဓါထက်သန်စွာဖြင့် ဆောင်ရွက်ပေးကြမှာဖြစ်ပါတယ်။ ဆောင်ရွက်ကြလိမ့်မယ်လို့လည်း ယုံကြည်မျှော်လင့်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာလည်း စေတနာမှန်သလို လုပ်နည်းလုပ်ဟန် မှန်ကြဖို့ လိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးဟာ ပြည်သူများနှင့် နိုင်ငံတော်အတွက် အရေးကြီး သော စီမံကိန်း၊ ဘတ်ဂျက်(ရသုံးမှန်းခြေ)နှင့် အခွန်ကိစ္စရပ်များကို ဆွေးနွေးအတည်ပြုပေးရမှာ ဖြစ်သလို အရေးတကြီးမဖြစ်မနေ ပြဋ္ဌာန်းပေးရမယ့် ဥပဒေများလည်း များစွာရှိနေပါတယ်။ ဒါကြောင့် အချိန်ပေးရပါမယ်။ အလုပ်တွေလည်း များများလုပ်စရာတွေရှိပါတယ်။ ဒါကြောင့် မိမိတို့၏ စေတနာပါသော လုပ်အားများကို တန်ဖိုးရှိရှိ အသုံးချနိုင်ရေးအတွက် အချိန်ကို လေးစားလိုက်နာပြီး တန်ဖိုးရှိရှိ အသုံးပြုသွားကြရမှာ ဖြစ်ပါတယ်။ အနှစ်ချုပ်ဆန္ဒပြုလိုတာကတော့ နိုင်ငံသားများ ကြိုးပမ်း အားထုတ်လျက်ရှိသော အပြောင်းအလဲဟာ နိုင်ငံတော်နှင့် နိုင်ငံသားများ အတွက်ကောင်းခြင်း မင်္ဂလာပြည့်စုံစွာရရှိခံစားနိုင်ကြပါစေလို့ ဆုတောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဉ္စမပုံမှန် အစည်းအဝေးနဲ့ ဆဋ္ဌမပုံမှန်အစည်းအဝေး ကြားကာလအတွင်း ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် အောက်ပါခရီးစဉ်များကို သွားရောက်ခဲ့ပါတယ် -

(က) ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့၏ ၁၉-၁၁-၂၀၁၁ ရက်မှ ၂၅-၁၁-၂၀၁၂ ရက်နေ့အထိ ဥရောပနှင့်အာရှ၊ ဂျာမနီနိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ခေါင်းဆောင်ပြီး အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးနိမ်ခင်းပေါင် ပါဝင်သော အဖွဲ့၏ ၂၁-၁၁-၂၀၁၂ ရက်မှ ၂၄-၁၁-၂၀၁၂ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ Interface Dialogue in Parliamentary Roll in Promoting Interface in Inter Cultural Corporation အစည်းအဝေးသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဂ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ခေါင်းဆောင်ပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်စိုးပါဝင်သော ကိုယ်စားလှယ်အဖွဲ့၏ ၂၃-

၁၁-၂၀၁၂ ရက်မှ ၂၅-၁၁-၂၀၁၂ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ ရွှေ့ပြောင်း လုပ်သားဆိုင်ရာ ပါလီမန်အမတ်များ၏ ညီလာခံတက်ရောက်ရန် သွားရောက်ခဲ့ သည့်ခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဒွေးဦးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန်တို့ပါဝင်သော အဖွဲ့၏ ၃-၁၂-၂၀၁၂ ရက်မှ ၅-၁၂-၂၀၁၂ ရက်အထိ ဘရူနိုင်း နိုင်ငံသို့ ချစ်ကြည်ရေးသွားရောက်ခဲ့သည့်ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင် ခေါင်းဆောင်ပြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးတင်ယုနှင့် အဖွဲ့ဝင်တစ်ဦးပါဝင်သောအဖွဲ့၏ ၅-၁၂-၂၀၁၂ ရက်မှ ၇-၁၂-၂၀၁၂ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဥပဒေပြုဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ ဒုတိယပိုင်းတက်ရောက်ခဲ့သည့်ခရီးစဉ် ဒီကိုယ်စားလှယ်များရဲ့ ခရီးစဉ်ကို လည်း မှတ်တမ်းတင်ထားရှိကြမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အထက်ပါခရီးစဉ် တင်ပြချက်များနဲ့ စပ်လျဉ်းပြီး မှတ်တမ်းတင်ရန် လွှတ်တော်ရဲ့ ဆန္ဒရယူလိုပါတယ်။ မှတ်တမ်းတင်ရန်အတွက် လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အထက်ပါတင်ပြချက်များကို ပြည်သူ့ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ အထက်ပါခရီးစဉ် တင်ပြချက်များနှင့် စပ်လျဉ်းပြီး မှတ်တမ်းတင်ရန် လွှတ်တော်၏ ဆန္ဒရယူလိုပါတယ်။မှတ်တမ်းတင်ရန်အတွက် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။ (၃ကြိမ်တိုင်တိုင်မေးမြန်းပါသည်) လွှတ်တော်က သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်း များမေးမြန်းဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။ ဦးစွာ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေးကိုယ်စား တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေက မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က တော့ စစ်ကိုင်းတိုင်းဒေသကြီး တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်စိုးဖြစ်ပါတယ်။ လေးစားအပ်ပါသော

**ဥက္ကဋ္ဌကြီးခင်ဗျာ။** ကျွန်တော့်အနေနဲ့ ဟုမ္မလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေး၏ ကိုယ်စားနှင့် ဒုတိယမေးခွန်းဖြစ်တဲ့ ကျွန်တော့်ရဲ့ မေးခွန်းတစ်ခုအား တစ်ဆက်တစ်စပ်တည်း မေးမြန်းခွင့်ပြုပါရန် လေးစားစွာတင်ပြအပ် ပါတယ်။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်ခရီးသွားလာရေးအတွက် ရေကြောင်းလမ်း ကိုသာ ပြည်သူအများစုသုံးစွဲနေရပြီး တိုင်းမြို့တော်ကိုနေ့ချင်းရောက်ရှိနိုင်သော နွေမိုးဆောင်းသွားလာ နိုင်တဲ့ ခရိုင်ချင်းဆက်ကားလမ်းတစ်လမ်းမှ မရှိသေးပါ။ သို့ပါ၍ တမူးခရိုင် တမူးမြို့နှင့် ဆက်သွယ်ထားသည့် အောင်ဇေယျလမ်းအား ဆယ့်နှစ်ရာသီသွားလာ နိုင်သော ကျောက်ချောလမ်း အဖြစ် ဖောက်လုပ်ပေးရန် မြို့နယ်ပြည်သူလူထုမှ တောင့်တ လိုလားလျက် ရှိကြပါတယ်။ အလားတူ Microwave Stone လည်းတည်ဆောက်ရန် အစီအစဉ်ရှိကြောင်း သိရှိရပါတယ်။ ဒါ့ကြောင့်မို့လို့ ဒေသခံပြည်သူများရဲ့ကိုယ်စား အောက်ပါမေးခွန်းများအား မေးမြန်းအပ်ပါတယ်။ အောင်ဇေယျလမ်း ကို အမြန်ဆုံးဖောက်လုပ်ပေးရန် အစီအစဉ်ရှိမရှိနှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေး နိုင်မည်ဖြစ်ကြောင်း သိရှိလိုကြောင်း မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒုတိယမေးခွန်းကတော့ စစ်ကိုင်းတိုင်း ဒေသကြီး တမူးမြို့ဟာ အိန္ဒိယ-မြန်မာ နယ်စပ်မြို့တစ်မြို့ ဖြစ်ပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းမယ်ဆိုရင် မြို့တွင်း မှာရှိတဲ့ ရေစီးရေလာမြောင်းတွေရဲ့ စနစ်တကျ မကောင်းမှုတို့ကြောင့်မို့လို့ မြို့တွင်းရေလျှံမှု များဖြစ်ပြီး လမ်းများမကြာခဏပျက်စီးလေ့ရှိပါတယ်။ မြို့ပေါ်မှာခင်းထားတဲ့ ကတ္တရာလမ်းဟာ လည်းပဲ အချိန်ကြာမြင့်ခဲ့ပြီ ဖြစ်တဲ့အတွက် အချို့နေရာများဟာ ကတ္တရာမရှိတော့ပဲ အချို့နေရာ များဟာဆိုလို့ရှိရင် ပေါက်ပြဲနေပြီ ဖြစ်ပါတယ်။ မြို့တွင်းရဲ့ အဓိကလမ်းမကြီးများဖြစ်ကြတဲ့ မြို့ပတ်လမ်း အလောင်းဘုရားလမ်းနှင့် ပိုလ်ချုပ်လမ်းတွေဟာ တစ်ဖက်အိန္ဒိယနိုင်ငံမှ တမူးမြို့ သို့အလည်လာရောက်တဲ့အခါ အဓိကသွားလာနေကြတဲ့ လမ်းမကြီးများဖြစ်ပါတယ်။ ဒါ့ကြောင့် မို့လို့ တမူးမြို့နယ်ရဲ့ မြို့နယ်စည်ပင်ရဲ့ ဘတ်ဂျက်တစ်ခုတည်းနဲ့ ဒီလုပ်ငန်းတွေဆောင်ရွက်မယ် ဆိုရင် ဆောင်ရွက်ရန်အခက်အခဲ များစွာရှိကြောင်း သိရှိရပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီလမ်းတွေ ကိုနိုင်ငံတော်ရဲ့ အထောက်အပံ့နှင့် ကတ္တရာထပ်ပိုးလွှာခင်းနိုင်ဖို့အတွက် ပြည်သူများက လိုလားလျက်ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ဒေသခံပြည်သူများရဲ့ ကိုယ်စား အောက်ပါမေးခွန်း အားမေးမြန်းအပ်ပါသည်။ အဆိုပါလမ်းများအား နိုင်ငံတော်အထောက်အပံ့ဖြင့် ကတ္တရာ ထပ်ပိုးလွှာဆောင်ရွက်ပြီး အစီအစဉ်ရှိမရှိနှင့် ရှိပါက မည်သို့စီမံဆောင်ရွက်ပေး မည်ဖြစ်ကြောင်း သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဗိုလ်ချုပ်ဇော်ဝင်း(ဒုတိယဝန်ကြီး၊နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ခညောင်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီး ဌာနနှင့်သက်ဆိုင်သော မေးခွန်းနှစ်ခုကို ဖြေကြားသွားမှာ ဖြစ် ပါတယ်။

ပထမမေးခွန်းတစ်ခုဖြစ်တဲ့ စစ်ကိုင်းမြို့ တမူးခရိုင်မြို့နယ်အောင်ဇေယျလမ်းကို ဆယ့်နှစ်ရာသီ ကျောက်ချောလမ်း ဖောက်နိုင်ခြင်းရှိမရှိဆိုတဲ့ အစီအစဉ်နဲ့ ပတ်သတ်လို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့

၂၀၁၂-၂၀၁၃ ဘတ်ဂျက်လျာထားချက်မှာတော့ ဒီကျောက်ခင်းလမ်း ဖောက်လုပ်ရေးအတွက် အစီအစဉ်မပါရှိကြောင်း ဖြေကြားလိုပါတယ်။ သို့ရာတွင် ပြည်သူလူထုရဲ့ လိုအပ်ချက်အရ တင်ပြချက်များအပေါ် ၂၀၁၃-၂၀၁၄ ဖြည့်စွက် ရန်ပုံငွေတွင် ပါရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ နောက်တစ်ချက် ဦးခင်မောင်ရွှေ တမူးရဲ့ တမူးမြို့ပေါ်မှာခင်းထားတဲ့ ကတ္တရာလမ်းများ နိုင်ငံတော်အထောက်အပံ့ဖြင့် ကတ္တရာထပ်ပိုးလွှာများဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိမရှိ မေးခွန်းနှင့် ပတ်သတ်၍လို့လည်းပဲ ပြီးခဲ့တဲ့ ဒီတမူးမြို့နယ်စည်ပင်သာယာရေးဟာ စစ်ကိုင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ စည်ပင်သာယာရေးအောက်မှာ ဆောင်ရွက်နေတဲ့ အခြေအနေ ဖြစ်ပါတယ်။ သို့ရာတွင် နိုင်ငံတော်ရဲ့ အထောက်အပံ့လိုအပ်ခြင်းရှိမရှိ စီစစ်လေ့လာစေပြီး ဆက်လက်ပြီးတော့ တင်ပြဆောင်ရွက် ပေးနိုင်မည် ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နတလဒုတိယဝန်ကြီးဖြေဖို့ မတ်တပ်ရပ်တဲ့ အချိန်မှာပဲ သမ္မတရုံးဒုတိယဝန်ကြီး လည်းဖြေဖို့ကြိုးစားပါတယ်။ သီးခြားထပ်ပြီးတော့များ သမ္မတရုံးဒုဝန်ကြီးအနေနှင့် တင်ပြဆွေး နွေးရန် ရှိပါက တင်ပြဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန့်ရှင်(သမ္မတရုံးဝန်ကြီးဌာန(၁)၊ဒုတိယဝန်ကြီး**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ကျန်းမာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသအစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ မေးမြန်းသည့် တမူးမြို့ပေါ်ရှိခင်းထားသော ကတ္တရာလမ်းများအား နိုင်ငံတော် အထောက်အပံ့ဖြင့် ကတ္တရာထပ်ပိုးလွှာဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သတ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်မှာ- တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အကုန်တွင် အဖွဲ့ပိုင်မြို့ပြလမ်း အနေဖြင့် ကတ္တရာလမ်း (၈/၆)မိုင်၊ ကျောက်လမ်း(၆/၀)မိုင်နှင့် မြေသားလမ်း(၄/၂)မိုင် စုစုပေါင်း ၂၅ မိုင်ရှိပြီး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မြို့ပြလမ်းအနေဖြင့် မြေသားလမ်းမှ ကတ္တရာခင်းခြင်း (၀/၃.၇၆)မိုင်၊ ကျောက်လမ်းမှ ကတ္တရာခင်းခြင်း(၀/၁.၁၅)မိုင်အား ခွင့်ပြုငွေ ကျပ် (၂၉.၉၉၉) သန်းဖြင့် လျာထားဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြို့ပြလမ်းအနေဖြင့် မြေသားလမ်းမ ကတ္တရာလမ်း ခင်းခြင်း(၁/၃.၀၇)မိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း(၀/၁.၁၆)မိုင်၊ ခွင့်ပြုငွေကျပ် ၆၄.၈၅ သန်း ဖြင့်ဆောင်ရွက်ရန် လျာထားပြီးဖြစ်သည့်အပြင် တမူးမြို့နယ် စည်ပင်သာယာရေး အနေဖြင့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း နှစ်(၂၀)စီမံကိန်းတွင် ကတ္တရာလမ်းခင်းခြင်း (၂၇/ ၇.၉၃) မိုင်အား ခန့်မှန်းကုန်ကျငွေကျပ်(၁၆၄၀.၅၆၇)သန်းဖြင့် ဆောင်ရွက်ရန် လျာထားရေး ဆွဲပြီး ဖြစ်ပါတယ်။

၄င်းအပြင် တမူးမြို့အတွင်း စည်ပင်သာယာရေးအဖွဲ့ပိုင် အဓိကလမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်း(၃၃၄၀ပေ၊အကျယ် ၃၆ ပေ၊ ထု ၃ လက်မ) ကတ္တရာထပ်ပိုးလွှာခင်းခြင်းအတွက် ငွေကျပ် (၈၈.၂) သန်း၊ အလောင်းဘုရားလမ်း (၉၅၈၃ပေ၊အကျယ် ၃၆ပေ၊ ထု ၃ လက်မ) ကတ္တရာထပ်ပိုးလွှာခင်းခြင်းအတွက် ငွေကျပ် (၂၅၃.၀)သန်း၊မြို့မလမ်း (၃၈၀၀ပေ၊ အကျယ် ၁၂ ပေ) ကတ္တရာခင်းခြင်းအတွက် ငွေကျပ်(၃၇.၃)သန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်နိုင်ရန် မြန်မာ - အိန္ဒိယနယ်စပ်ဒေသ ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အိန္ဒိယနိုင်ငံ၏ အကူအညီရရှိရေး စီမံထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ဦးသန့်ရှင်းဆွေးနွေးတင်ပြသွားတဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အခုစီမံဆောင်ရွက်မှုဟာ သက်ဆိုင်ရာတိုင်းဒေသကြီး ဘတ်ဂျက်ထဲက ဆောင်ရွက်တဲ့ကိစ္စ ဟုတ်ပါသလား။

**ဦးသန့်ရှင်း(သမ္မတရုံးဝန်ကြီးဌာန(၁)၊ဒုတိယဝန်ကြီး။** ။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အဖွဲ့ရဲ့ ဖြေရှင်းတင်ပြချက်ဖြစ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ ကောင်းပါပြီ။ ဒါ့ကြောင့်မို့လို့ ခုနက ဒုတိယဝန်ကြီးနတလကတော့ ပြည်ထောင်စုအစိုးရရဲ့ ဘတ်ဂျက်နဲ့ သက်ဆိုင်တယ်။ ဒီအပေါ်မူတည်ပြီး ဖြေကြားခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဦးသန့်ရှင်းဆွေးနွေးတင်ပြချက်ကိုပဲ မိမိတို့ လွှတ်တော် က အတည်ပြုပြီးတော့ ဒီအတိုင်းဆောင်ရွက်ဖို့ ဆက်လက်ပြီးတော့ ဆောင်ရွက်ညှိနှိုင်းသွားမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟမေးမြန်းဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြင်ဦးလွင်မဲဆန္ဒနယ်မှဦးကျော်သီဟမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်သီဟ(ပြင်ဦးလွင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥက္ကဋ္ဌကြီးကို နှစ်သစ်မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော် ပြင်ဦးလွင်မဲဆန္ဒနယ်က ဦးကျော်သီဟဖြစ်ပါတယ်။ ကျွန်တော်ပြင်ဦးလွင် မြို့နယ်အတွင်းမှာရှိတဲ့ ကုန်တင်ယာဉ်တွေ ပြင်ဦးလွင်မြို့နယ်အတွင်းမှာ ဖြတ်သန်းသွား လာတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်မေးခွန်းမေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပြင်ဦးလွင်မြို့က တောင်စခန်းမြို့လေး မြို့ပေါ်မှာ ပြင်ဦးလွင်နဲ့မန္တလေး ၄၂ မိုင်ပဲဝေးပါတယ်။ မန္တလေးကနေ ၄၂မိုင်ပဲဝေးတဲ့ ကျွန်တော်တို့ပြင်ဦးလွင်မြို့ပေါ်မှာ လောလော ဆယ်ကုန်တင်ယာဉ်တွေ၂၂ ဘီးတပ်ကုန်တင်ယာဉ်၊ နောက်တွဲယာဉ်အကြီးကြီးတွေအပါအဝင် တရုတ်ကုန်သွယ်လမ်းမကြီးပေါ်မှာရှိနေတဲ့ နေရာမှာ ကုန်တင်

ယာဉ်တွေ တော်တော်များများဖြတ်သန်းသွားလာတဲ့အချိန်မှာ မြို့ရဲ့အခင်းအကျင်းနဲ့အနေအထားအရ မြို့ဟာတော်တော်ကို ပြင်ဦးလွင်မြို့နယ် ပြည်သူပြည်သားတွေအတွက် အားလုံးအင်မတန်ကို ဒုက္ခရောက်နေပါတယ်။ အဲဒီဖြတ် သန်း သွားတဲ့ ကားကြီးတွေဟာ ကျွန်တော်တို့မြို့တွင်းကို အေးရှားဝေါလ် ကုမ္ပဏီ ဘီအိုတီစနစ်နဲ့ဖြတ်သန်းသွားတဲ့ကားလမ်းမပေါ်ကြီးကို ပေးထားတဲ့နေရာကလည်း ကျွန်တော်တို့ ပြင်ဦးလွင် မန္တလေး - လားရှိုးလမ်းကြီးရဲ့ လမ်းမြို့လယ်ခေါင် ကနာရီစင် ဖြတ်သန်းသွားတဲ့ လမ်းကြီးပေါ်ပေးထားတာဖြစ်ပါတယ်။ ဒါပေမယ့်တကယ်တမ်းအဲဒီလမ်းမအတိုင်းဖြတ်သန်းသွားခဲ့ရင် မြို့အိမ်ရာတွေနဲ့ ဘယ်လိုမှမလွတ်မကင်း တဲ့ဖြစ်တဲ့အတွက်ကြောင့်မို့လို့ မြို့နယ်အနေနဲ့ အောင်ဇေယျလမ်း ဆိုပြီးတော့မှ ပန်းခြံရှိတဲ့လမ်းဘက် ကိုပေးပါတယ်။ အဲဒီလမ်းက စည်ပင်သာယာပိုင်လမ်းဖြစ်ပါတယ်။ အဲဒီလမ်းပေါ်မှာရှိ နေတဲ့အတွက် အဲဒီ လမ်းမှာလည်းပဲတကယ်တမ်းဝန်နဲ့အားနဲ့မမျှပဲနဲ့ မော်တော်ဆိုင်ကယ် တွေရော၊ ကားတွေ ရော ရှိသမျှအနေအထားတွေနဲ့ ကျွန်တော်တို့မြို့ပေါ်မှာ တော်တော်ကို လမ်းတွေ ပိတ်ဆို့ ပြီးတော့မှကားအက်ဆီးဒင့်တွေလည်းဖြစ်တာတွေများတယ်။ မော်တော်ဆိုင်ကယ်တွေ လည်းပဲ အခက်အခဲ ဖြစ်တယ်။ မြို့နေပြည်သူတွေကလည်း ဒီလမ်းမကြီးပေါ်မှာ တစ်လျှောက်လုံးသွားလာမှု အင်မတန်ခက်ခဲပြီးတော့မှလမ်းတွေပိတ်ဆို့မှုလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ပြင်ဦးလွင်မြို့ဟာ တကယ်တမ်း တော့ တပ်မတော်သင်တန်းကျောင်းကြီးတွေလည်းရှိပါတယ်။ နောက် အပန်းဖြေ စခန်းမြို့ဖြစ်တဲ့အတွက် အဲဒီမြို့ပေါ်မှာလည်းပဲကိုလိုနီခေတ်အဆောက်အဦးတွေနဲ့ နိုင်ငံခြားခရီးသွားတွေ ရောအင်မတန်ကို ကျွန်တော်တို့လှပတဲ့မြို့လေးဟာ ဒီလမ်းမကြီးတမ်း တစ်လျှောက်မှာမြို့ပေါ်မှာ ကျလာတဲ့အတွက် ကျွန်တော်တို့မြို့ပေါ်မှာ နေရထိုင်ရသွားရလာရတာရော အကုန်လုံး အခက်အခဲတွ လေမ်းပိတ်ဆို့မှုတွေ ရောအများကြီးဖြစ် နေပါတယ်။ အဲဒီဖြစ်နေတဲ့အတွက် ကျွန်တော်ကနေပြီးတော့မှ ဒီပြည်သူ့လွှတ်တော် ကနေတဆင့် အဲဒီလမ်းအခက်အခဲရှိနေတာကို ဖြေရှင်းပေးဖို့ကျွန်တော်စာတင်ခဲ့ဖူး ပါတယ်။ အဲဒီတင်ထား ခဲ့တဲ့စာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့မှ အေးရှားဝေါလ်က လမ်း အူကြောင်းရှာပြီးတော့မှ ကျွန်တော်တို့မြို့ရှောင်လမ်းတစ်ခုကို ရှာပြီးသားအနေအထား အတိုင်းပဲကျွန်တော်တို့ကိုပြန်ပြီးတော့မှ အကြောင်းကြားပါတယ်။ သို့သော်အဲဒီနေရာကို မလုပ်ဖြစ်တော့ပဲနဲ့မြို့ထဲလမ်းကိုပဲ ပြင်ဆင်ပြီးတော့မှ ပြန်ပြီးချပေးပါတယ်ဆိုတဲ့ စာတင် ထားတော့ ကျွန်တော်တို့မြို့အနေနဲ့လည်းပဲ တကယ်တမ်းအခက်အခဲ ဖြစ်နေတဲ့အတွက် ဒုတိယအကြိမ် ကျွန်တော် ပြန်ပြီးတော့မှဒီလွှတ်တော်ကနေပြီးတော့မှကျွန်တော်ပြန်ပြီး တင်ပြခြင်းဖြစ်ပါတယ်။ တကယ်တမ်းတော့ ကျွန်တော်တို့မြို့ပေါ်လမ်းမတမ်းတစ်လျှောက်မှာ မန္တလေး-လာရှိုး တရုတ် ကုန်သွယ်လမ်းမကြီးပေါ်မှာ ကျနေတဲ့အတွက် အဲဒီလမ်းမကြီးမှ မြို့ရှောင်လမ်းကို ဖောက်ပေးခဲ့ ရင်တော့ ကျွန်တော်တို့မြို့ရဲ့ သာယာလှပမှုလေးသည် ပြန်ပြီးတော့မှ အဆင်ပြေသွားနိုင်မယ့်အတွက် ကျွန်တော်ဒီမေးခွန်းကို တင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ဆောက်လုပ်ရေးဝန်ကြီး** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အထူးဖိတ်ကြား ထားသော

ညွှန့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီးမင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေကြောင်းဆုမွန်ကောင်းတောင်း ရင်းနှုတ်ခွန်းဆက်သ ဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟမှပြည်သူ့လွှတ်တော် အစည်းအဝေးကိုမေးမြန်း ထားတဲ့ မေးခွန်းကို အပိုင်း၂ပိုင်းခွဲပြီးတော့ဖြေရှင်းသွားမှာဖြစ်ပါတယ်။ ပထမအပိုင်းမှာတော့ ပြင်ဦးလွင်မြို့ ရှောင်လမ်းစီမံကိန်းအား မည်သည့်အချိန်တွင် ပြန်လည် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်နှင့် ဒုတိယအပိုင်းကတော့ စီမံကိန်းကာလအတွင်းမှာ မြို့တွင်း ဖြတ်သန်းသွားတဲ့ ကုန်တင်ယာဉ်ကြီးများ၏ အရွယ်အစားနှင့်ဝန်အားကို ကန့်သတ်စိစစ်ရန်အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းများနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမပိုင်းအနေနဲ့ ပြင်ဦးလွင်မြို့ ရှောင်လမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက် သွားမယ့်အစီအစဉ်နှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ မန္တလေး-ပြင်ဦးလွင်-လားရှိုးလမ်းဟာ အေးရှားဝေါလ်ကုမ္ပဏီမှ ဘီအိုတီစနစ်ဖြင့် ဆောက်လုပ်ထားတဲ့ လမ်းအပိုင်းဖြစ်ပါတယ်။ သို့သော်လည်းပဲ မူလပိုင်ရှင်ဟာ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနဖြစ်တဲ့အတွက် ကျွန်တော်တို့မှာပဲ လုံးဝတာဝန်ရှိပါတယ်။ ဒီလမ်းနဲ့ပတ်သက် ပြီးတော့ မိုင်တိုင်၃၇ကနေပြီးတော့လက်ယာဘက်ကိုစတင်ခွဲ ထွက်ပြီးတော့ မိုင်တိုင်(၄၆/၅) အထိပြန်လည်တွေ့ဆုံတဲ့ ထိဒီလမ်းရဲ့မြို့ရှောင်လမ်းရဲ့အရှည်ဟာ ၁၂မိုင်၇ဖာလုံ ရှည်လျားတာဖြစ်ပါတယ်။ လက်ရှိမှာအဲဒီလမ်းမှာယာဉ်ငယ်များသာ သွားလာနိုင်တဲ့အဆင့်ဖြစ် ပါတယ်။ ဒီမြို့ရှောင်လမ်းကို ကျွန်တော်တို့က မြေညှိစက်နဲ့ လမ်းမျက်နှာပြင်ညှိပြီး ဆောင်ရွက်ထား ပါတယ်။ ဆက်လက်ပြီးတော့လည်း ကားကြီးများရှောင်တိမ်း သွားလာနိုင်ရန်အတွက် အတက်အဆင်း မတ်စောက်တဲ့နေရာများမှာ လမ်းအကွေ့အကောက်များကို ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းပုံထုတ်အဖွဲ့ကနေပြီးတော့ ကွင်းဆင်းတိုင်းတာပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိ လမ်းအနေအထားဟာ လွန်စွာကျဉ်းမြောင်း တာကြောင့် လမ်းတာဘောင် အကျယ်ရရှိရန်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဒေသခံပြည်သူ များနှင့်ဘီအိုတီစနစ်နဲ့ ဆောင်ရွက်နေတဲ့ အေးရှားဝေါလ်ကုမ္ပဏီတို့ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြင်ဦးလွင်မြို့ ရှောင်လမ်းစီမံကိန်းအား ဆောက်လုပ်ရန်အတွက် လမ်းဒီဇိုင်းပုံစံများ တိုင်းတာညှိနှိုင်းပြီးပါက ဘီအိုတီစနစ်နဲ့ဆောင်ရွက်လျက်ရှိတဲ့ အေးရှားဝေါလ်ကုမ္ပဏီမှ ဆက်လက် ဆောင်ရွက်သွားစေမှာ ဖြစ်ပါကြောင်း ပထမမေးခွန်းအားဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအပိုင်းအနေနဲ့ စီမံကိန်း ကာလအတွင်း မြို့တွင်းဖြတ်သန်းသွားနေသော ကုန်တင်ယာဉ်ကြီးများရဲ့ အရွယ်အစားနှင့် ဝန်အားကန့်သတ်စိစစ်ရန်အစီအစဉ်ရှိ/ မရှိ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူ့လူထု အတွက်ဝန်ထုတ်ဝန်ပိုး မဖြစ်စေရန် ရည်ရွယ်ပြီးတော့ဖြေလျှော့ပေးတဲ့အနေနဲ့ လမ်းမကြီးများပေါ်မှာ သွားလာခွင့်ပြုတဲ့ မော်တော် ယာဉ်များရဲ့(ယာဉ်+ကုန်)တန်ချိန်များကိုတိုးမြှင့်သတ်မှတ်ခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၊အစည်းအဝေးအမှတ်စဉ်(၄၂/၂၀၁၂)မှသဘောတူ ခဲ့ပြီးဖြစ်ပါ တယ်။

လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး သဘောတူခွင့်ပြုချက်အရ ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့မှ စတင်သတ်မှတ်တဲ့ ဝင်ရိုးနှင့်ဘီးအရေအတွက် (ယာဉ်+ ကုန်) အလေးချိန်သတ်မှတ်ချက်များဟာကုန်တင်ယာဉ်ကြီးများရဲ့ အရွယ်အစားနှင့်ဝန်အားကို ကန့် သတ်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြင်ဦးလွင်မြို့ရှောင်လမ်း စီမံကိန်းကာလအတွင်း မြို့တွင်းဖြတ်သန်းသွားတဲ့ ကုန်တင်ယာဉ်ကြီးများရဲ့ အရွယ်အစားနှင့်ဝန်အား သီးခြားကန့်သတ်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ကုန်တင်ယာဉ်ကြီးများနှင့် ပတ်သက်ပြီး တစ်နိုင်ငံလုံး တစ်ပြေးညီ ပြဋ္ဌာန်းထားတဲ့တန်ချိန် သတ်မှတ်ချက်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းလေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အောင်ပန်း-ပင်လောင်း-လွိုင်ကော် ပြည်ထောင်စုကားလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် ၄၁/၀ မှ ၄၁/၃ နှင့် မိုင်တိုင်အမှတ် ၄၀/၇ မှ ၅၀/၂ ရှိ ကားလမ်းမကို ယာဉ်အန္တရာယ်နှင့် ခရီးသွားလုပ်သားပြည်သူ အန္တရာယ်ကင်းဝေးစေရေးချဲ့ထွင်ပေးရန်အစီအစဉ်ရှိ၊မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်မောင်သောင်း(ပင်လောင်းမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ ကျွန်တော့်အနေနဲ့ လေးစားစွာဖြင့် ဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်း ဖြစ်ပါတယ်။ ကျွန်တော်နှင့်တကွ မဲဆန္ဒရှင်များ သိလိုတဲ့အကြောင်းကတော့ အောင်ပန်း-ပင်လောင်း-လွိုင်ကော် ပြည်ထောင်စုကားလမ်းမပေါ်မှာရှိတဲ့ ယာဉ်အန္တရာယ် မကြာခဏ ဖြစ်ပွားလျက်ရှိတဲ့ နေရာနှစ်ခု ရှိပါတယ်။ ပင်လောင်းမြို့ မြောက်ဘက်အဝင် ကုံးနီတောင်နှင့် ပင်လောင်းမြို့ တောင်ဘက် ၆ မိုင်အကွာ လက်ဖက်တောင်ဒေသဖြစ်ပါတယ်။ ၎င်းနေရာ နှစ်ခုမှာ တောင်အတက်များပြီး အတက်လည်း ကြမ်းတဲ့အပြင် လမ်းလည်းကျဉ်းနေပါတယ်။ အကွေ့အကောက် များလည်း ဖြစ်နေပါတယ်။ နေ့စဉ်မကြာခဏယာဉ်များ တိမ်းမှောက်ခြင်း၊ နောက်ပြန်လိမ့်ခြင်း၊ လမ်းမ အလယ်တွင် မရုန်းနိုင်၍ ယာဉ်များ ရပ်တန့်ခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်း၊ နေ့စဉ်လစဉ် မကြာခဏဖြစ်ပွားလျက်ရှိပါတယ်။ ခရီးသွားလုပ်သားပြည်သူများ အနေဖြင့်လည်း အန္တရာယ်များရှိနေ တဲ့အတွက် အောက်ပါမေးခွန်းများကို မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အောင်ပန်း-ပင်လောင်း-လွိုင်ကော် ပြည်ထောင်စုကားလမ်းမပေါ်မှာရှိတဲ့ ပင်လောင်းမြို့အဝင် ကုံးနီတောင်ထိပ် မိုင်တိုင်အမှတ် ၄၁/၀ မှ ၄၁/၃ နှင့် ဝါလီရွာနှင့် ပင်ကာလရွာအကြားရှိ လက်ဖက်တောင် မိုင်တိုင်အမှတ် ၄၀ ဖော်ပြထားပေမယ့်လည်း ၄၉/၇ မှ ၅၀/၂ ကားလမ်းကို ယာဉ် အန္တရာယ်နှင့် ခရီးသွားလုပ်သားပြည်သူများ အန္တရာယ်ကင်းဝေးစေရန် လမ်းမကြီးများအား ချဲ့ထွင်ပေး ရန်အစီအစဉ်ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးစိုးတင့်အနေနဲ့ မေးခွန်းများကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်သောင်းမှ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ မေးမြန်းတဲ့ အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း ပြည်ထောင်စုကားလမ်းမကြီး ပေါ်မှာရှိတဲ့ ပင်လောင်းမြို့ ကုံးနီတောင် မိုင်တိုင်အမှတ် ၄၁/၀ မှ ၄၁/၃ နှင့် ဝါလီရွာနှင့် ပင်ကာလရွာအကြားရှိ လက်ဖက်တောင် မိုင်တိုင်အမှတ် ၄၉/၇ မှ ၅၀/၂ ရှိ ကားလမ်းမကို ယာဉ်အန္တရာယ်နှင့် ခရီးသွားလုပ်သားပြည်သူ အန္တရာယ်ကင်းဝေးစေရေး လမ်းမအား ချဲ့ထွင်ပေးရန် အစီအစဉ်ရှိ၊ မရှိသိရှိလိုသည် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်းဟာ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင် ပင်လောင်းမြို့နယ် အပိုင်းမှာ ၃၅ မိုင်ပါဝင်ပြီးတော့ လမ်းအခြေအနေကတော့ ကတ္တရာလမ်းအဆင့် ဖြစ်ပါတယ်ခင်ဗျား။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စု အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် ၂၃၃.၁၁ သန်းဖြင့် လမ်းမျက်နှာပြင်အနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁၂ မိုင် ဆောင်ရွက်ရမည်ဖြစ်ရာ ၄ မိုင် ၄ ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ကုံးနီတောင် မိုင်တိုင်အမှတ် ၄၁/၀ မှ ၄၁/၃ အပိုင်းအား လမ်းအကျယ် ၁၂ ပေမှ ၁၅ ပေ တိုးချဲ့ခြင်းနှင့် ကတ္တရာလမ်းပေါက်ဖာထေးခြင်း ၁၈၅၀၀ စတုရန်းပေ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ မိုင် ၄၉/၇ မှ ၅၀/၂ အကြား အပိုင်းများအား လမ်းအကျယ် ၁၂ ပေမှ ၁၅ ပေ တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက် ရှိပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော် ပြည်ထောင်စု လမ်းမကြီးရဲ့ ပင်လောင်းမြို့ ဝါလီရွာမှ ပင်ကာလရွာအကြားရှိ လက်ဖက်တောင်မိုင်တိုင်အမှတ် ၄၉/၇ မှ ၅၀/၂ အပိုင်းမှာရှိတဲ့ လမ်းချဲ့ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားနိုင်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော် လမ်းမကြီးအတွက် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေမှ ကျပ်သန်း ၄၀၀ တင်ပြတောင်းခံထားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ကန်ဘက်ကျေးရွာအုပ်စု၊ အခြေခံပညာအထက်တန်းကျောင်း၌ ခန့်ရန်ကျန် ၁၅ ဦးတို့အား အပြည့်အဝ ခန့်ထားပေးနိုင်ရေးနှင့်ကျောင်းဆောင်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ပါရန် အစီအစဉ်ရှိ၊မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကြွရောက် လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းဖြစ်ပါတယ်။ ပညာရေးပတ်သက်ပြီး မေးခွန်းနှစ်ခု မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာအုပ်စု အခြေခံ ပညာအထက်တန်းကျောင်းဟာ စာစစ်ဌာနရှိတဲ့ ကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ အနီးပတ်ဝန်းကျင်မှ ကျေးရွာပေါင်း ၂၅ ရွာခန့် ကျောင်းသားကျောင်းသူများ မှီခိုအားထားတဲ့ကျောင်းလည်းဖြစ်ပါတယ်။ အဲဒီအထက်တန်းကျောင်းမှာ ခွင့်ပြုဝန်ထမ်း ၆၁ ဦးခွင့်ပြုထားသော်လည်း ၄၆ ဦးသာ တာဝန်ပေးထား တဲ့အတွက် ၁၅ ဦးခန့်လစ်လပ်နေပါတယ်။ တာဝန်ကျကျောင်းအုပ်နှင့် ကျောင်းဆရာဆရာမများက လစ်လပ်နေတဲ့ ဆရာဆရာမများရဲ့ကိုယ်စား ဝင်ရောက်သင်ကြားပြသပေးရတဲ့အတွက် များစွာပင်ပန်း တဲ့အပြင် ယခုအချိန်မှာဆိုရင် အချိန်ပိုခေါ်ခြင်း၊ ညဘက်စာကျက်ဝိုင်းလုပ်ခြင်း စတဲ့အောင်ချက် မြင့်မားရေးတာဝန်တွေပါ ပူးတွဲတာဝန် ထမ်းဆောင်နေရတဲ့အတွက် ဒီလိုထမ်းဆောင်နေရတဲ့အချိန်မှာ ၃ နှစ်၊ ၄ နှစ် လောက်ရှိသွားပါပြီ။ ဒါကြောင့်မို့လို့ လစ်လပ်နေတဲ့ ဝန်ထမ်း ၁၅ ဦး ကျောင်းဆရာဆရာမ ၁၅ ဦးခန့်ကို အမြန်ဆုံးခန့်ထားပေးနိုင်ပါရန်နှင့် စာသင်ဆောင်လိုအပ်ချက်အတွက် ဆက်လက်တင်ပြ ခွင့်ပြုပါရန် ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌကြီးခင်ဗျား** ကန်ဘက်ကျေးရွာအထက်တန်းကျောင်းတွင် နာဂစ်မုန်တိုင်းမဖြစ်ခင်အချိန် အထိ ဒေသခံပြည်သူထည့်ဝင်ငွေဖြင့် သစ်သားစာသင်ကျောင်း ၄ ဆောင်၊ အုတ်စာသင်ဆောင် ၂ ဆောင်ရှိပါတယ်။ နာဂစ်မုန်တိုင်းကြောင့် သစ်သားစာသင်ဆောင် ၃ ဆောင်ပြိုကျပြီး ကျန်တစ်ဆောင် မှာလည်း အမိုးအကာမရှိတော့ပါဘူး။ အုတ်ဆောင်တစ်ဆောင်ကတော့ ၁၉၇၄ ခုနှစ်ကတည်းက ဆောက်ထားပြီး မုန်တိုင်းဒဏ်ကြောင့် ခါးမှ ကျိုးအက်သွားတဲ့အရာဖြစ်ပေါ်လာပါတယ်။ ဒေသခံ လုပ်သားများနှင့် ဆောက်လုပ်ထားတာမို့ တိကျတဲ့၊ ခိုင်ခန့်တဲ့စာသင်ဆောင်များလည်းမဟုတ်ပါဘူး။ သို့သော်လည်း နာဂစ်မုန်တိုင်းမပြီးမှာ ပညာရေးဌာနမှ တစ်ဆောင်၊ ကြက်ခြေနီကတစ်ဆောင် ပေ ၃၀၊ ပေ ၉၀ RC ဆောင်များပြန်လည်ဆောက်လုပ်ပေးခဲ့ပြီး A1 ဆောက်လုပ်ရေးမှလည်း သစ်သားဆောင် တစ်ဆောင် လှူဒါန်းခဲ့ပါတယ်။ ကျန်တဲ့သစ်သားဆောင်များကိုတော့ နာဂစ်ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေမှ အမိုးအကာများနဲ့ ပြန်လည်လုပ်ပေးခဲ့သော်လည်း ခါးလယ်မှကျိုးအက်နေတဲ့ အုတ်ဆောင်ကိုတော့ ပြန်လည်ပြုပြင်ပေးနိုင်ခြင်းမရှိတဲ့အတွက် ကျောင်းအကျိုးဆောင်များ၊ မိဘ ဆရာအသင်းများ အခန်းနေရာမှာ အုတ်နဲ့ထောင်ပြီးတော့ ပြိုမကျရေးအတွက် ထောက်သဖွယ်ပြုလုပ် ကာစာသင်နေရပါတယ်။ ယခုအခါမှာ ထပ်မံပြုပြင်ဖို့ လိုအပ်နေပြီလို့ ထင်မြင်မိပါတယ်။ ကျောင်းနဲ့ စာသင်ခန်းအချိုးကတော့ ကျောင်းသားတစ်ဦးလျှင် ၁၂.၁၆ စတုရန်းပေသာရှိတယ်လို့ သိရှိရပါတယ်။ ဒါကြောင့် ကျောင်းသားအချိုးနှင့် ကျောင်းဆောင်လိုအပ်ချက်ရယ် ပြုပြင်ပေးသင့်တဲ့ ကျောင်းဆောင် အားပြန်လည်ပြုပြင်ပေးရန် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။ (၁) လစ်လပ်သော အထက်တန်းနှင့် အလယ်တန်းဆရာမများအား အမြန်ဆုံးခန့်ထားပေးနိုင်ပါရန်နှင့် (၂) ကျောင်းဆောင် သစ်တစ်ဆောင်နှင့် ပြုပြင်သင့်သောကျောင်းဆောင်အား ပြန်လည်ပြုပြင်ပေးနိုင်ရန် အစီအစဉ်ရှိမရှိ သိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ရှိသေလေးစားပါကြောင်း ဦးစွာတင်ပြအပ် ပါတတယ်။ လပွတ္တာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းရဲ့ ပညာရေးကဏ္ဍ ဆိုင်ရာမေးမြန်းချက်ကို ကျွန်တော် ဒုတိယဝန်ကြီး ဦးအေးကြူက ပြန်လည်တင်ပြဖြေကြားမှာ ဖြစ်ပါ တယ်။ ပထမပိုင်းဖြစ်တဲ့ လပွတ္တာမြို့နယ်၊ ကန်ဘက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှာ ၃၁-၈-၂၀၁၂ ရက်နေ့ စာရင်းများအရ အထက်တန်းဆင့်ကျောင်းသား ၁၈၀ ဦး ရှိပြီး ကန့်သတ်အရ အထက်တန်းပြ ၆ ဦး ခန့်ထားပေးပြီးဖြစ်ပါတယ်။ အလယ်တန်းဆင့်ကျောင်းသား ၅၅၈ ဦးရှိပြီး ကန့်သတ်အရ အလယ်တန်းပြ ၁၉ ဦးခန့်ထားရန်ရှိသော်လည်း ၁၇ ဦး ခန့်ထားပြီး ဖြစ်ပါတယ်။ မူလတန်းဆင့်ကျောင်းသား ၄၆၉ ဦးရှိပြီး ကန့်သတ်အရ မူလတန်းဆင့်ပြ ၁၁ ခန့်ထားရန်ဖြစ် သော်လည်း ၁၂ ဦးခန့်ထားပေးပြီး ဖြစ်ပါတယ်။ ဒါကြောင့် အလယ်တန်းပြဆရာ ၁ ဦးကို ဖြည့်ဆည်း ခန့်ထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယပိုင်းဖြစ်တဲ့ ကျောင်းဆောင်များ အသစ်ဆောက်လုပ်တဲ့ကိစ္စဟာ ငွေလုံးငွေရင်း တည်ဆောက်ရေးခေါင်းစဉ်အောက်က ကြိုတင်ပြီး ဘတ်ဂျက်လျာထားခွင့်ပြုချက်ရယူရပါတယ်။ ယခု တင်ပြတဲ့ကျောင်းဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေး ဘတ်ဂျက် လျာထားချက်မှာ ပါဝင်ခြင်းမရှိသေးတဲ့အတွက် အသစ်တည်ဆောက်မယ်ဆိုပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှသာ လျာထားတင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ပါတယ်။ လောလောဆယ် လိုအပ်ချက်အရ မိဘပြည်သူတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ကျောင်းဆောင်အား ဆောက်လုပ်မည်ဆိုပါက လက်ရှိ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ် ၀၄၀၂ အဆောက်အဦး ပြင်ဆင်စရိတ်ခေါင်းစဉ်အောက်မှ အလျား ၉၀ ပေ၊ အနံ ၃၀ ပေ တစ်ထပ်အဆောက် အဦးအတွက် ကျပ် ၂၇.၀ သန်း ရန်ပုံငွေခွဲဝေပေးမည်ဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၊ ကန်ဘက်ကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်း၌ လစ်လပ်နေသော အထက်တန်းပြနှင့် အလယ်တန်းပြဆရာများ မည်သည့်အချိန် ခန့်ထားပေးနိုင်မည်နှင့် ကျောင်းဆောင်သစ်တစ်ဆောင်ဆောက်လုပ်ပေးနိုင်မည်သိလိုပါသည်။(ဦးဇော်ထွန်း)**

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါ သည်။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ လပွတ္တာမြို့နယ်၊ ကန်ဘက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ (၃၁-၈-၂၀၁၂) ရက်နေ့ စာရင်းအရ အထက်တန်းဆင့်ကျောင်းသား

(၁၈၀)ဦး ရှိ၍ ကန့်သတ် အရ အထက်တန်းပြ (၆) ဦး ခန့်ထားပြီး ဖြစ်ပါသည်။ အလယ်တန်းဆင့်ကျောင်းသား (၅၅၈)ဦး ရှိပြီး ကန့်သတ်အရ အလယ်တန်းပြ (၁၉)ဦးခန့်ထားရန် ရှိသော်လည်း (၁၇) ဦး ခန့်ထားပြီး ဖြစ်ပါသည်။ မူလတန်းဆင့်ကျောင်းသား(၄၆၉)ဦးရှိ၍ ကန့်သတ်အရ မူလတန်းပြ (၁၁)ခန့်ထားရန်ဖြစ်သော်လည်း (၁၂)ဦးခန့်ထားပြီး ဖြစ်ပါသည်။ အလယ်တန်းပြဆရာ (၁)ဦး ဖြည့်ဆည်း ခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျောင်းဆောင်များအသစ်ဆောက်လုပ်ရန်အတွက် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခေါင်းစဉ်အောက်မှ ကြိုတင်၍ ဘတ်ဂျက်လျာထားခွင့်ပြုချက်ယူရပါသည်။ ယခုတင်ပြသည့် ကျောင်းမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) တွင် ဘတ်ဂျက် လျာထားခြင်း မရှိသေးသဖြင့် ကျောင်းအားအသစ်တည်ဆောက်မည်ဆိုပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှသာ လျာထားတင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ပါသည်။

မိဘပြည်သူ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ကျောင်းဆောင်အား ဆောက်လုပ်မည် ဆိုပါက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ် (၀၄၀၂) အဆောက်အဦး ပြင်ဆင် စရိတ် ခေါင်းစဉ်အောက်မှ အလျား(၉၀)ပေ၊ အနံ(၃၀)ပေ တစ်ထပ်အဆောက်အဦးအတွက် ကျပ် (၂၇.၀)သန်း ရန်ပုံငွေခွဲဝေပေးမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ချင်းပြည်နယ်၊မင်းတပ်မြို့ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေးအတွက်ရန်ပုံငွေခွဲဝေခွင့်ပြုရေးရန်အစီအစဉ်ရှိမရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးထန်းလိန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထန်းလိန်(မင်းတပ်မြို့နယ်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုအဆင့် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ ကျွန်တော်က ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေး အတွက် ရန်ပုံငွေခွဲဝေပေးရန် အစီအစဉ်ရှိ-မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ချင်းပြည်နယ်မင်းတပ်မြို့ အခြေခံပညာမူလတန်းလွန်ကျောင်းမှာ အခုလက်ရှိ မူလတန်းအဆင့် (၃၆၃)ဦး၊ အလယ်တန်းအဆင့်ကျောင်းသူကျောင်းသား (၁၉၂)ဦး၊ စုစုပေါင်းကျောင်းသူ ကျောင်းသား (၅၅၅)ဦး ရှိကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည် ခင်ဗျား။ ကျောင်းဆောင်နှင့် ကျောင်းသား အားမမျှနိုင်လျှင် ကျောင်းဆောင်ဟောင်းမှာလည်း ကျောင်း၏ဥပမိရုပ် ညီညွတ်မှု မရှိတာကို ကိုယ်တိုင်တွေ့မြင်ခဲ့ရပါတယ်။ ပြည်ထောင်စုအစိုးရကနေပြီးတော့ ကျောင်းဆောင် သစ်ဆောက်လုပ်ပေး နိုင်ရေးအတွက် လိုအပ်တဲ့ ရန်ပုံငွေ ခွင့်ပြုပေးနိုင်ရန် သက်ဆိုင်ရာကို ၂၀၁၁ ခုနှစ် ဇူလိုင်လ (၂၅) ရက်စွဲနှင့်

တင်ပြတောင်းခံထားပြီးလည်းဖြစ်ပါသည်။ နိုင်ငံတော် အစိုးရမှ ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေးအတွက် ရန်ပုံငွေခွဲဝေခွင့်ပြုပေးရန် အစီ အစဉ်ရှိမရှိနှင့် အကယ်၍ အစီအစဉ်မရှိသေးပါက လာမည့်ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးပြီး တော့ဆောင်ရွက်ပေးပါရန် ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတဆင့် လေးစားစွာ တင်ပြမေး မြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

။ ။မင်္ဂလာပါခင်ဗျား။ ချင်းပြည်နယ် မင်းတပ်မြို့ အခြေခံပညာ မူလတန်းလွန်ကျောင်း ကျွန်တော်ယခု လပ္ပတ္တာမြို့နယ်က အခြေအနေအတိုင်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ မိဘပြည်သူ များရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ကျောင်းဆောင်အားဆောက်လုပ်မည် ဆိုပါက လက်ရှိဘဏ္ဍာရေးနှစ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ သာမန်အသုံးစရိတ် (၀၄၀၂) အဆောက်အဦး ပြင်ဆင်စရိတ်ခေါင်းစဉ်အောက်မှ အလျား(၆၀)ပေ၊အနံ(၃၀)ပေ တစ်ထပ် အဆောက်အဦးအတွက်ကျပ်(၁၈.၀)သန်း ရန်ပုံငွေခွဲဝေပေးမည် ဖြစ်ပါကြောင်း တင်ပြဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ အစီအစဉ် (၉)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ပထမ အကြိမ်ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများ နှင့် ကြယ်ပွင့်မပြမေးခွန်းများအား သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှစာဖြင့်ဖြေကြား လာခြင်းများကို အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စီစစ်ရေးကော်မတီ မှရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် ကြယ်ပွင့်မပြမေးခွန်းများအား သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှာ စာဖြင့်ဖြေကြားခြင်းများနှင့်စပ်လျဉ်း၍ အစိုးရ၏အာမခံချက်များ၊ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီမှရှင်းလင်းတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် ကြယ်ပွင့်မပြမေးခွန်းများ အား သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှာ စာဖြင့်ဖြေကြားလာခြင်းများကို အစိုးရ၏ အာမခံချက်များ၊ ကတိ များနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးဝင်းစိန်(ဥက္ကဋ္ဌ၊ အစိုးရ၏အာမခံချက်များ၊ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ ဥက္ကဋ္ဌ

ဦးဝင်းစိန် ဖြစ်ပါတယ်။ ကျွန်တော်တို့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက စာဖြင့်မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့် ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးကာလမှာ ပြည်သူ့လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ ကြယ်ပွင့်ပြမေးခွန်းပေါင်း ၃၄၁ ခု မေးမြန်းခဲ့ပါတယ်။ ကြယ်ပွင့်ပြမေးခွန်း ၃၄၁ ခုအနက် ၈၅ ခုကို လွှတ်တော်အတွင်းမှာ မေးပြီးတော့ ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။ ၂၅၆ ခုကတော့ ၆-၁-၂၀၁၃ ရက်နေ့အထိ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများ မှ ဖြေကြားတာက ၂၄၈ ခု ဖြေကြားချက်ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ဖြေကြားချက်ရရှိဖို့ကျန်တာက ၈ ခု ဖြစ်ပါတယ်။

ထို့အပြင် ကြယ်ပွင့်မပြမေးခွန်းပေါင်း ၂၅၆ ခုအနက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ မေးခွန်းပေါင်း ၂၄၇ ခုကို ဖြေကြားချက်ရရှိပြီး ဖြစ်ပါတယ်။ ဖြေကြား ရန် မေးခွန်း ၉ ခုသာ ကျန်ရှိပါတော့တယ်။ ဒါကြောင့်မို့လို့ ပဥ္စမပုံမှန်အစည်းအဝေးကာလမှာ လွှတ်တော်ကိုယ်စားလှယ်များ စာဖြင့်မေးမြန်းခဲ့တဲ့ မေးခွန်းက အားလုံးစုစုပေါင်း ၅၉၈ ခုရှိပါတယ်။ အဲဒီမှာ ဖြေကြားဖို့ကျန်တာက ကျွန်တော်တင်ပြသွားသလို ၁၇ ခုပဲ ကျန်မှာ ဖြစ်ပါတယ်။ အဲဒီ ဖြေကြား ပြီးသား စာနှင့်လွှတ်တော်အတွင်းမှာ မဖြေရသေးတဲ့ ဖြေကြားပြီးသားစာဖြင့် ဖြေကြားချက်များကို လွှတ်တော်ကိုယ်စားလှယ်အသီးသီးကို ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ဖြေကြားရန် ကျန်တဲ့ ကြယ်ပွင့်ပြမေးခွန်း ၈ ခုနှင့် ကြယ်ပွင့်မပြ ၉ ခုကို ဆက်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ကြယ်ပွင့်ပြ ၈ ခုက ဦးသိန်းထွန်း၊ အမရပူရမဲဆန္ဒနယ်၏ ၃၁-၁-၂၀၁၁ ရက်နေ့မှ ယနေ့အချိန်အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းမှ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၅၈ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) တို့နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ခြင်းရှိ၊ မရှိနှင့် ရှိလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းအလိုက် ဆောင်ရွက်မှုအခြေအနေ များအား သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်း။ (၂) ဦးသန်းစိုး၊ သာစည်မဲဆန္ဒနယ်၏ ပညာရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်အား ခွဲဝေချထားရာတွင် မည်သို့မည်ပုံခွဲဝေပေး သည်၊ သာမန်အသုံးစရိတ်များကို ခွဲဝေချထားရာ၌ အောက်ခြေမှာ အမှန်တကယ်လိုအပ်ချက်ရှိသော နေရာများကိုသိရှိရန် မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်နှင့် စပ်လျဉ်းသည့်မေးခွန်း။ (၃) ဦးစိုင်းသီဟကျော် နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်ချိန်တွင် သတ်မှတ်ဝတ်စုံ၊ သက်ဆိုင်ရာဌာန ရင်ထိုးတံဆိပ်၊ အမည်၊ ရာထူးတံဆိပ်များတပ်ဆင်ရန် တိကျသော ညွှန်ကြားချက် ထုတ်ပြန်ထားခြင်းရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း။ (၄) ဒေါ်နန်းစေအွာ ဘားအံ-ကြာအင်း-ဒုံရင်း-ပိုင်ရန်းကားလမ်း တစ်လျှောက်ကို ပြန်လည်ဖြတ်သန်းသွားလာ အသုံးပြုခွင့်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း။ (၅) ဦးရဲထွဋ်ဦး၊ နတ်တလင်းမဲဆန္ဒနယ်၏ ဘွဲ့ရအထွေထွေပညာရေး လုပ်သားဝန်ထမ်းများအား ပညာရေး ဝန်ကြီးဌာနမှ ရာထူးတိုးတက်အလုပ်ခန့်ထားရေးအား မူလ၏အစီအစဉ်အတိုင်း DTEC မဖြေဆိုဘဲ ပြန်လည်ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ။ အသက် ၃၅ နှစ်အောက် ဘွဲ့ရအထွေထွေပညာရေးလုပ်သား များအား လုပ်ငန်းခွင်အကြိုအတတ်သင် ပညာရေးကောလိပ်သို့ လစာအပြည့်ဖြင့် တက်ရောက်ပညာ သင်ကြားခွင့် ပေးနိုင်ခြင်းရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း။ (၆) ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်၏ နိုင်ငံပိုင်မရွှေ့မပြောင်းနိုင်သည့် ပုံသေပစ္စည်း (Fixed Assets) စုစုပေါင်းတန်ဖိုးသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကုန် သို့မဟုတ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ကုန်အထိ မည်မျှရှိသည်ကို သိလိုပါ ကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်း။ (၇) ဦးသန်းစိုး၊ သာစည်မဲဆန္ဒနယ်၏ သာစည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း

၁၁ ကျောင်းအား အဆင့်တိုးမြှင့်ပေးရန်နှင့် ဉပမိရုပ်မကောင်းသော အခြေပညာ ကျောင်း ၃၆ ကျောင်းအား ပြင်ဆင်ပေးနိုင်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၏ နောက်ဆက်တွဲ ရန်ပုံငွေတွင် ထည့်သွင်းခွင့်ပြုပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိကို ပိုမိုတိကျစွာ ပြန်လည်ဖြေကြားပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း။ နံပါတ်(၈) ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်၏ (က) ဝန်ကြီးဌာနအသီးသီး လက်အောက်တွင် လုပ်ကိုင်နေကြသော ယာယီဝန်ထမ်းမည်မျှရှိ၍ လုပ်သက် ၅ နှစ်နှင့်အထက်ရှိသော ဝန်ထမ်းမည်မျှရှိ၍ ယာယီဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းများအား အမြဲတမ်းအဖြစ် ခန့်အပ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း။ (ခ) အစိုးရဝန်ထမ်း၊ အခြားဝန်ထမ်းတို့ အဖြစ်အလုပ်လျှောက်ရာတွင် အဝေးသင်တက္ကသိုလ်ဘွဲ့ရများအား နှိမ့်ချဆက်ဆံခြင်း၊ ခွဲခြားမှုရှိခြင်း၊ အသိအမှတ်မပြုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊ အားလုံး မေးခွန်း ၈ ခုရှိပါတယ်။

ကြယ်ပွင့်မပြက (၁) ဦးစိုင်းခတ္တိယ၊ မိုင်းဆတ်မဲဆန္ဒနယ်၏ တာချီလိတ်-မိုင်းဆတ်သို့ အိမ်ဆောက်ပစ္စည်းများ ဝယ်ယူသယ်ဆောင်ရာတွင် တာချီလိတ်အခြေချစစ်ဗျူဟာက ၎င်းတို့ထံ ဝင်ရောက်သတင်းပို့ကြရန်၊ ခွင့်ပြုချက်ရယူရန် တင်းကြပ်ကန့်သတ်မှုများကို လုပ်ဆောင်ရာတွင် လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများညီ၊ မညီ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့်မညီ ပါက ပြည်သူများ၏ လိုအင်ဆန္ဒကို မည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း။ (၂) ဦးစိန်ထွန်း၊ ထန်းတပင်မဲဆန္ဒနယ်၏ ပဲခူးတိုင်းဒေသကြီး (အရှေ့ဘက်ခြမ်း) ထန်းတပင်မြို့နယ်အတွင်းရှိ ထက်၊ လယ်၊ မူ အခြေခံပညာကျောင်းများတွင် ဆရာ ဆရာမ ဝန်ထမ်းအင်အား မလုံလောက်မှု အခြေအနေအား ပြည်ထောင်စုပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ဖြည့်စွက်ခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း။ (၃) ဒေါ်တင်တင်ရီ၊ ကွန်းစုမဲဆန္ဒနယ်၏ ကွန်းစုမြို့နယ်အတွင်း စက်လှေများအား ကိုယ်ရေးကိုယ်တာကိစ္စဖြင့် ချောဆွဲ စေခိုင်းနေခြင်းကို စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း။ (၄) ဦးစိန်ထွန်း၊ ထန်းတပင်မဲဆန္ဒနယ်၏ မူလတန်းကြိုကျောင်းများ ဖွင့်လှစ်သင်ကြားနေခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း။ (၅) ဒေါ်ခင်သန်းမြင့်၊ ငပုတောမဲဆန္ဒနယ်၏ ငပုတောမြို့နယ်ရှိ ပိုးလောင်းအခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ သစ်ရောင်းအခြေခံပညာ အလယ်တန်းကျောင်းခွဲ၊ အထက်ပြွန် အခြေခံပညာ အလယ်တန်းကျောင်းခွဲများ၏ ပထဝီမြေအနေအထား၊ မြေပြင်အခြေအနေအား သိရှိပါသလား၊ ပထဝီ မြေအနေအထားအရ တစ်နိုင်ငံလုံးအမှန်တကယ် စံနှုန်းပြည့်မီမှသာ တိုးမြှင့်ပေးမည်ဟု စီမံချက်များ ချမှတ်ထားပါသလား၊ ဖော်ပြပါကျောင်းများ၏ ပကတိလိုအပ်ချက်အရ အဆင့်တိုးမြှင့်ရန် လိုအပ်မှုအပေါ် ဝန်ကြီးဌာနမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း။ (၆) ဒေါ်ခင်သန်းမြင့်၊ ငပုတောမဲဆန္ဒနယ်၏ ငပုတောမြို့နယ်အတွင်းရှိ ပြုပြင်ဆောက်လုပ် ရန် လိုအပ်သောကျောင်းများ၊ ဆရာ ဆရာမလိုအပ်သော ကျောင်းများ၊ အဆင့်တိုးမြှင့်ပေးရန် ကျောင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း။ (၇) ဒေါ်ခင်သန်းမြင့်၊ ငပုတောမဲဆန္ဒနယ်၏ ကညင်ငူတွဲဘက် အ.လ.ကမှ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ကျော်နှင့် ဆရာ ဆရာမများ၏ ကျောင်းစည်းကမ်းချိုး ဖောက်ပြီး ကလေးများ၏ ပညာရေး၊ ကျန်းမာရေးတို့ကို လစ်လျူရှုကာ ကိုယ်ကျိုးစီးပွားရှာ အမြတ်ထုတ်နေမှုအား မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း။ (၈) ဦးအောင်စိုး၊ လောင်းလုံမဲဆန္ဒနယ်၏ လောင်းလုံမြို့နယ်တွင် တည်ဆောက်မည့် ရေနံစိမ်းတန်ချိန် ၅ သန်းချက်လုပ်နိုင်မည့် ရေနံချက်စက်ရုံစီမံကိန်းနှင့်စပ်လျဉ်းသည့်မေးခွန်း။ (က) နိုင်ငံတော်ပိုင် ဆီအုန်းခြံမှ စက်မှု(၁)ဝန်ကြီးဌာနမှ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ မည်သို့ ပြောင်း လဲရယူခဲ့သည်ကိုသိလိုခြင်း၊ (ခ)

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေထွက်ရှိပြီး စက်ရုံတည်ဆောက်မည့် အစီအစဉ်၊ (ဂ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ တည်ဆောက်ဖြစ်ပါက သဘာဝပတ်ဝန်းကျင် ထိခိုက်မှု၊ နစ်နာမှုရှိ၊ မရှိ၊ (ဃ) တည်ဆောက်ဖြစ်ပါက ဒေသခံပြည်သူများ၏ အကျိုးနှင့် အလုပ်အကိုင် ရရှိမှု ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်ပေးနိုင်မှုတို့နှင့်စပ်လျဉ်းသည့်မေးခွန်း။ (၉) ဦးအောင်မြသန်း၊ ညောင်တုန်းမဲဆန္ဒနယ်၏ ရန်ကုန်-ပုသိမ် ရထားလမ်းစီမံကိန်း ဖောက်လုပ်မှုကြောင့် တောင်သူလယ်သမားများ စိုက်ပျိုးထားသော ရာသီသီးနှံနှင့် နှစ်တိုနှစ်ရှည်သီးနှံများ ပျက်စီးဆုံးရှုံး သွားမှုအပေါ် နိုင်ငံတော်မှ လျော်ကြေးပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း။ ဒီမေးခွန်း ၁၇ ခုကတော့ ကျွန်တော်တို့ ဝန်ကြီးဌာနတွေနဲ့ ပြည်ထောင်စုအဆင့်ဌာနတွေက ဖြေကြားဖို့ ကျန်တာ ဖြစ်ပါတယ်။ ကျန်တဲ့ဟာတွေကတော့ တင်ပြသွားတဲ့အတိုင်းရရှိပြီးဖြစ်ပါတယ်။ အဲဒီဥစ္စာတွေကို ကိုယ်စားလှယ်တစ်ဦးချင်းစီ ဖြန့်ဝေပေးသွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ဒီတစ်ပတ်မှာ လွှတ်တော်ကို အစီရင်ခံစာ တတိယပတ်အတွင်းမှာ တင်ပြသွားမှာ ဖြစ်ပါတယ်။ တင်ပြသွားတဲ့နေရာမှာ ပထမပုံမှန်အစည်းအဝေးကနေပြီးတော့ ပဥ္စမပုံမှန်အစည်းအဝေး အတွင်းမှာ အဲဒီမှာ မေးခဲ့တဲ့မေးခွန်းတွေ၊ ကတိဖြစ်ခဲ့တဲ့မေးခွန်းတွေ၊ နောက်ပြီးတော့ အဆိုတွေ၊ အဆိုတွေထဲမှာလည်း အတည်ပြုခဲ့တဲ့ အဆိုတွေနှင့်ပတ်သက်လို့ ဆောင်ရွက်ချက်ကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ပုံမှန်အစည်းအဝေးအသီးသီးကနေပြီးတော့ အစိုးရဝန်ကြီးဌာနနှင့် ပြည်ထောင်စုအဆင့်တွေကနေပြီးတော့ ဆောင်ရွက်ရန် ကျန်တဲ့လုပ်ငန်းတွေ တစ်နည်းအားဖြင့် အကြွေးကျန်လုပ်ငန်းတွေ အဲဒါတွေနှင့်ပတ်သက်လို့ အစီရင်ခံစာ တင်ပြသွားမှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ဒီဥစ္စာကိုပြုစုဖို့ နည်းနည်းလေးကျန်သေးတဲ့အတွက်ကြောင့် ပြုစုနေပါတယ်။ ဆက်ပြီး တော့ အစီရင်ခံစာတင်ပြသွားမှာဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မေးတဲ့မေးခွန်းတွေ အဆိုတွေဟာ လွှတ်တော်ကျင်းပတဲ့အချိန်ကာလအပိုင်းအခြားနှင့်စာမယ်ဆိုရင် အင်မတန်မှ များပြား ပါတယ်။ သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေး မဆုံးရှုံးနိုင်စေအောင် ကျွန်တော်တို့ လွှတ်တော်အနေနဲ့တော့ အခုလိုပဲ ဖြေဆိုဖို့ကျန်တဲ့ မေးခွန်းများကို စိစစ်လို လွှတ်တော်ကာလမဟုတ်တဲ့ အချိန်မှာ ပြန်လည်ပေးပို့လာတဲ့အဖြေလွှာများကိုလည်း ကတိကဝတ်ကော်မတီကတစ်ဆင့် လွှတ်တော် ကိုယ်စားလှယ်အသီးသီးကို ပြန်ပေးမှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ခြင်းဖြင့် ကတိဖြစ်ပေါ်စေ သောကိစ္စများကို ကတိကဝတ်ကော်မတီကမှတ်တမ်းတင်ထားရှိပြီး လုပ်ငန်းများဆက်လက်ဆောင်ရွက် နိုင်ရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီကနေ့ ကတိကဝတ်ကော်မတီရဲ့ဥက္ကဋ္ဌဖြစ်သူ တင်ပြချက်အရ ကြယ်ပွင့်ပြမေးခွန်း ၈ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၉ ခုတို့အား ယခုအချိန်အထိ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးဌာန အသီးသီးမှပြန်လည် ဖြေကြားလာခြင်းမရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ဒီနေ့အစိုးရအဖွဲ့ရုံး ဒုတိယဝန်ကြီးလည်း ဒီအစည်းအဝေးမှာ တက်ရောက်လာပါတယ်။ အခု ကျွန်တော်တို့ သက်ဆိုင်ရာတာဝန်ရှိတဲ့လူ တင်ပြချက်ကိုမှတ်သားပြီး ဒီမေးတဲ့အမေးများကို အမြန်ဆုံးပြန်လည်ပြီးတော့ ဖြေကြားပေးဖို့ ပြောကြားလိုပါတယ်။ ထိုနည်းတူစွာပဲ လွှတ်တော်က

တာဝန်ရှိတဲ့ဌာနက အခုကျန်ရှိနေတဲ့ ကြယ်ပွင့်ပြမေးခွန်းရဲ့အဖြေ၊ ကြယ်ပွင့်မပြမေးခွန်းရဲ့အဖြေများကို လည်း ဒီနေ့ ကတိကဝတ်ကော်မတီရဲ့တင်ပြချက်အပေါ်မူတည်ပြီးတော့ ပြည်ထောင်စုအစိုးရထံ အကြောင်းကြားပေးဖို့ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ပဲခူးတိုင်းဒေသကြီးရှိ တောင်ငူခရိုင်အသင်းမှာရှိတဲ့ မြို့နယ် ၆ ခုမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ပြည်သူ့ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးတဲ့နေရာမှာ ကျောက်ကြီးမှာ ဆောက်လုပ်မယ့် ကျောက်ကြီးချောင်းကူးတံတားနှင့် ပတ်သက်ပြီးတော့ သက်ဆိုင်ရာတင်ပြချက်နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးချုပ် သက်ဆိုင်ရာတိုင်းဒေသကြီးအဖွဲ့ ဝန်ကြီးချုပ်တို့ရဲ့ ရှင်းလင်း တင်ပြချက်အပေါ်မူတည်ပြီးတော့ မနေ့က နိုင်ငံတော်သမ္မတကြီးနှင့် ကျွန်တော်ညှိနှိုင်းဆွေးနွေးခဲ့ပါ တယ်။ ဒါကြောင့် ဒီအပေါ်မူတည်ပြီးတော့ ရည်ရွယ်ချက်အပေါ် အကျိုးသက်ရောက်မှုဖြစ်လာမယ့် အနေအထားကို ပြန်လည်သုံးသပ်ပြီးတော့ ဆောင်ရွက်ဖို့ရှိပါတယ်။ ဒါကြောင့် ဒီနေ့ ဒီအစည်းအဝေး မှာတက်ရောက်လာတဲ့ ဆောက်လုပ်ရေး ဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ဒုတိယ ဝန်ကြီးတို့နှစ်ဦး ကျွန်တော်တို့ဆွေးနွေးခဲ့တဲ့ အခြေနေပေါ်မူတည်ပြီးတော့ ရှင်းပြပေးလိုက်ပါ။ ဒီပေါ် မူတည်ပြီးတော့ ပြည်ထောင်စုအစိုးရအနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရနှင့် ညှိနှိုင်းပြီးတော့ ဆောင်ရွက်နိုင်မယ့်အနေအထားရှိပါတယ်။ ဒီနေ့မနက်လည်း အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်က မနေ့က ကျွန်တော်တို့ ဆွေးနွေးချက်ပေါ် မူတည်ပြီးတော့ ဘာတွေဆိုတာသိချင်ပါတယ်ဆိုပြီးတော့ တယ်လီဖုန်းနဲ့မေးမြန်းလာပါတယ်။ ဒီဟာကို ဆောက်လုပ်ရေးဒုတိယဝန်ကြီးကနေပြီးတော့ အစိုးရ အဖွဲ့ရုံး ဒုတိယဝန်ကြီးကို ပြောလိုက်မယ်ဆိုရင် ကျွန်တော်တို့ ဘာတွေလုပ်ခဲ့တယ်ဆိုတာ သိသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နား ပါ့မယ်။

အချိန်၊ ၁၁း ၁၅။

**အခမ်းအနားမှူး** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။ ]

**အခမ်းအနားမှူး** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တင်ပြခဲ့တဲ့ ဒီတစ်ပတ် လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်တွေ များပြားမှုအပေါ်မူတည်ပြီးတော့ လွှတ်တော်ပုံမှန်အစည်းအဝေးများ ကို ကျင်းပတဲ့အခါမှာ မနက် ၁၀ နာရီက နေ့လည်တစ်နာရီအထိ ကျင်းပဖို့ လျာထားပါတယ်။ နေ့လည်တစ်နာရီမှာ ထမင်းစားပြီး နောက်ပိုင်းတော့ သက်ဆိုင်ရာလွှတ်တော်ကော်မတီအလိုက် အစည်းအဝေးများ ကျင်းပဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ဒီတစ်ပတ် လွှတ်တော်အစည်းအဝေးမှာ ကျွန်တော် တင်ပြခဲ့တဲ့အတိုင်း နိုင်ငံတော်အတွက် အင်မတန်အရေးကြီးတဲ့ စီမံကိန်း၊ ဘတ်ဂျက်နဲ့ အခွန်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းမှာဖြစ်ပါတယ်။ အဲဒီလို ပြဋ္ဌာန်းနိုင်ဖို့ဆိုရင် ဒီတင်ပြချက်အပေါ် မူတည်ပြီးတော့ ကျွန်တော်တို့ ဆွေးနွေးရမှာ၊ ညှိနှိုင်းရမှာ၊ ဆုံးဖြတ်ပေးရမှာဖြစ်ပါတယ်။ ဒါတွေလည်း သက်ဆိုင်ရာကော်မတီအလိုက် ဆောင်ရွက်ရမှာဖြစ်သလို ဒီတစ်ပတ်အတွင်းမှာ ကျွန်တော်တို့ မဖြစ်မနေ ပြဋ္ဌာန်းရမယ့် ဥပဒေများလည်း ရှိတဲ့အတွက် အဲဒီလို ဥပဒေများ ပြဋ္ဌာန်းတဲ့နေရာမှာ အကျိုးရှိရှိ ဆောင်ရွက်နိုင်ဖို့ဆိုရင် ညနေပိုင်းမှာ လွှတ်တော်ကိုယ်စားလှယ်များဟာ သက်ဆိုင်ရာ သက်ဆိုင်ရာကဏ္ဍအလိုက်အစည်းအဝေးမှာ ပါဝင်ဆောင်ရွက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီတစ်ပတ် အစည်းအဝေးမှာ ရည်ရွယ်ထားတဲ့ ဥပဒေများကို သတ်မှတ်ထားတဲ့ ကာလများမှာ အတည်ပြုပြဋ္ဌာန်း နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြန်တင်ပြရမယ်ဆိုရင် လွှတ်တော်အစည်းအဝေးတွေကို နံနက် ၁၀ နာရီတိတိမှာ ကျင်းပပြီး နေ့လည်တစ်နာရီ နောက်ဆုံးထားဆောင်ရွက်ပါမယ်။ ညနေပိုင်းကျတဲ့အခါ ကျတော့ ကော်မတီအလိုက် သက်ဆိုင်ရာအစည်းအဝေးများ ထူးခြားအစည်းအဝေးများ ဆောင်ရွက်ဖို့ ပဲဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့ အစီအစဉ် ၁၀ ကို ဆောင်ရွက်ပါမယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော် တွင် စတင်တင်သွင်း၍ အတည်ပြုပြီးသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဥပဒေကို လွှတ်တော်က ၈-၈-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ယင်းဥပဒေကြမ်း၏ မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံ လေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်း အသိပေးတင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့်ပေးပို့ခဲ့တဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဥပဒေကြမ်းကို ကိုယ်စားလှယ်များထံ ဥပဒေကြမ်းမိတ္တူများကိုလည်း တစ်ပါတည်းဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီ အား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးအောင်မြသန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီ၏ တာဝန်ပေးချက်အရ လွှတ်တော်သို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော

သဘာဝအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကြမ်းဆိုင်ရာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက် အစီရင်ခံစာအား ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့သော "သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေကြမ်း"ကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု ပြည်သူ့လွှတ်တော်၌ ဆွေးနွေးရန် ၇-၈-၂၀၁၂ ရက်စွဲဖြင့်၊ ပေးပို့လာပါသည်။

၂။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးရေး အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို စနစ်တကျ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ရန် အမျိုးသားကော်မတီနှင့် ဒေသဆိုင်ရာ အဖွဲ့များဖွဲ့စည်း ဆောင်ရွက်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်း ပြည်ပအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများနှင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပင်လယ်ရပ်ခြားဒေသတွင်း အဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည် ထိန်းသိမ်းကာကွယ်ရန်၊

(ဃ) ဘေးသင့်ပြည်သူများအား ပိုမိုကောင်းမွန်သည့် လူမှုဘဝရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စီစဉ် ဆောင်ရွက်ပေးရန်တို့ကို တွေ့ရပါသည်။

၃။ ဤဥပဒေကို ရေးဆွဲအတည်ပြုနိုင်ပါက ရရှိနိုင်သည့်အကျိုးကျေးဇူးအချက် ၈ ချက်ကိုလည်း တစ်ပါတည်းတင်ပြထားပါသည်။ မူလဥပဒေတွင် နိဒါန်းနှင့်အခန်း ၈ ခန်း၊ ပုဒ်မ ၄၀ ခုဖြင့် ရေးဆွဲထားသည်ကို တွေ့ရှိရပါသည်။

၄။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကြမ်း၊ မူလပြဋ္ဌာန်းချက်အပေါ်တွင် အမျိုး သားလွှတ်တော်က နိဒါန်းနှင့်ဥပဒေပုဒ်မ၊ ပုဒ်မခွဲများ အပါအဝင် အချက် ၄၇ ချက်ကို ပြင်ဆင် ချက်များဖြင့် အတည်ပြုခဲ့ပါသည်။

၅။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေကြမ်းကို ၂၈.၈.၂၀၁၂ ရက်နေ့တွင် အစည်းအဝေး ကျင်းပပြီးလေ့လာ စိစစ်ခဲ့ကြပါသည်။ ထိုသို့ စိစစ်ရာတွင် ပြည်သူ့လွှတ်တော်မှ တာဝန် ပေးအပ်ထားသည့် မူ ၁၂ ချက်နှင့် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ အရ လည်းကောင်း စိစစ်ခဲ့ကြပါသည်။

၆။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ် တွေ့ရှိချက်နှင့် ပြင်ဆင်ချက်စုစုပေါင်း ၅၆ ချက်ရှိပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း လက်ခံသဘောတူသည့်အချက် ၅၁ ချက်၊မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် ၁ ချက် နှင့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၄ ချက် ဖြစ်ပါသည်။

၇။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည်" သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေကြမ်း"အား စိစစ်ခဲ့ရာ ပြင်ဆင်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အခန်း(၂) အပိုဒ် ၄ နှင့် အခန်း(၄) အပိုဒ် ၇ တို့ရှိ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ခေါင်းစဉ်များအား"(က) ဖွဲ့စည်းခြင်း" ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(ခ) အခန်း(၂) အပိုဒ် ၅ နှင့် အခန်း(၄) အပိုဒ် ၉ တို့ရှိ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ခေါင်းစဉ်များအား"(ခ)တာဝန်နှင့် လုပ်ပိုင်ခွင့်များ"ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

၉။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် "သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကြမ်း" အားပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၄၅ နှင့်အညီ အတည်ပြုနိုင်ပါရန် လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ ပြည်သူ့လွှတ်တော် အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ အကြောင်းအရာအချက်အလက် များကို တိကျစွာ ဖော်ပြ၍ ၂၂-၁-၂၀၁၃ ရက်(၁၃၀၀)နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန် ဖြစ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက်အလက်များကို တိကျစွာဖော်ပြ၍၂၂-၁-၂၀၁၃ ရက်နေ့ ၁၃း၀၀ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန် ဖြစ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာစတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပေးပို့ခဲ့တဲ့ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကြမ်းကို ကိုယ်စားလှယ်များထံ ဥပဒေကြမ်းမိတ္တူများကို တစ်ပါတည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးစိုးစိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကြမ်းအပေါ် ဥပဒေကြမ်းကော်မတီရဲ့စိစစ်တွေ့ရှိချက် အစီရင်ခံစာအား ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကြမ်း ကို အထက်ရည်ညွှန်း(၁)ပါစာဖြင့် ပြည်ထောင်စုလွှတ်တော်က ပေးပို့လာရာ အမျိုးသားလွှတ်တော်တွင် ၇-၈-၂၀၁၂ ရက်နေ့၌စတင် တင်သွင်းခဲ့ပြီး ၂၂-၈-၂၀၁၂ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပါသည်။

၂။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေကြမ်းတွင် အခန်း ၁၃ ခန်း နှင့် ပုဒ်မပေါင်း ၇၂ ခု ပါရှိပါသည်။

၃။ ယင်းဥပဒေ ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာမှုကို အထောက်အကူ ပြုနိုင်ရန်၊

(ခ) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်လိုအပ်သည့် ငွေကြေး အရင်းအနှီးများ စုစည်းရယူနိုင်မည့် ငွေချေးသက်သေခံလက်မှတ် ဈေးကွက်စနစ်တကျ ပေါ်ထွန်းလာစေရန်၊

(ဂ) နိုင်ငံတော်နှင့် ပုဂ္ဂလိကငွေရေးကြေးရေး လုပ်ငန်းစွမ်းဆောင်မှု မြင့်မားလာစေပြီး စီးပွားရေးကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ထွန်းကားလာစေရန်၊

(ဃ) ငွေချေးသက်သေခံလုပ်ငန်း ချောမွေ့စေရေးနှင့် မှန်ကန်သောနည်းလမ်းဖြင့် လုပ်ကိုင် ဆောင်ရွက်နိုင်ရေးတို့အတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(င) ငွေချေးသက်သေခံလက်မှတ် ဈေးကွက်တွင် ပါဝင်ဆောင်ရွက်သူများအား ဥပဒေနှင့် အညီ အကာအကွယ်ပေးနိုင်ရန်၊

(စ) အများပြည်သူ၏ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရန် အားပေးခြင်းဖြင့် နိုင်ငံတော်၏ ငွေရေးကြေးရေးဆိုင်ရာမူဝါဒများကို အထောက်အကူပြုနိုင်ရန်တို့ ဖြစ်ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သော ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်ရမည့်မှု(၁၂)ချက်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ နှင့် အညီ ၂၃-၁၀-၂၀၁၂ နေ့တွင်ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

၅။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ချက် စုစုပေါင်း ၁၃၆ ချက်တွေ့ရှိရပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း လက်ခံ သဘောတူသည့်အချက် ၈၄ ချက်၊ မူလပြဋ္ဌာန်းချက်အတိုင်းထားရှိရန် ၉ ချက်နှင့် ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက် ၄၃ ချက် ဖြစ်ပါသည်။

၆။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ် ရောင်းဝယ်ရေးဥပဒေကြမ်း အားစိစစ်ခဲ့ရာ ပြင်ဆင်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) အမျိုးသားလွှတ်တော်ပြင်ဆင်ချက် အပိုဒ် ၂ အပိုဒ်ခွဲ (ဋ) အားကောင်တာ ဈေးကွက် ဆိုသည်မှာ စာရင်းမဝင်သော ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ခြင်းအား စုစည်းဆောင်ရွက်သည့် ဈေးကွက်ကိုဆိုသည် ဟု ပြင်ဆင်ပါသည်။

(၂) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပိုဒ် ၂ အပိုဒ်ခွဲ(ပ)ရှိ ရောင်းခြင်း ဝယ်ခြင်း စကားရပ်အစား ရောင်းဝယ်ခြင်းဟု အရေးအသားကျစ်လစ်မှုရှိစေရန်ပြင်ဆင်ပါသည်။

(၃) အခန်း (၃) ခေါင်းစဉ်အား ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဟု ပြင်ဆင်ပါသည်။

(၄) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၄ အပိုဒ်ခွဲ (က) ရှိ ငွေချေး သက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေး စကားရပ်အားပယ်ဖျက်၍ သင့်လျော်သည့် ပုဂ္ဂိုလ် အနည်းဆုံး ငါးဦးပါဝင်သော ကော်မရှင်အဖွဲ့ကိုဖွဲ့စည်းရမည်ဟု ပြင်ဆင်ပါသည်။

(၅) အပိုဒ် ၇ အပိုဒ်ခွဲ (က) မူလပြဋ္ဌာန်းချက်အား ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်း လိုင်စင်လက်မှတ်ထုတ်ပေးရန် လျှောက်ထားချက်ကိုစိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၆) အပိုဒ် ၇ အပိုဒ်ခွဲ (ခ) မူလပြဋ္ဌာန်းချက်ရှိ ကာလသတ်မှတ်ရပ်ဆိုင်းခြင်း နှင့် ရုပ်သိမ်းခြင်း စကားရပ်တို့အား နေရာအထားအသိုပြင်ဆင်၍ လိုင်စင်ရရှိသူက တာဝန်နှင့် စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖောက်ဖျက်လျှင် လိုင်စင်ကိုကာလ သတ်မှတ်ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၇) အပိုဒ်၈ အပိုဒ်ခွဲ (ခ) မူလပြဋ္ဌာန်းချက်အား စတော့အိပ်ချိန်းက လိုက်နာရမည့် တာဝန်နှင့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ခွင့်ပြုမိန့်ကာလ သတ်မှတ်ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်ဟု နေရာအထားအသို မှန်ကန်စေရန် ပြင်ဆင် ပါသည်။

(၈) အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)အပိုဒ်ခွဲငယ် (၄) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ရှိ အခန်း ၁၁ ပါ စကားရပ်အစား အခန်း ၉ ပါ ဟု ပြင်ဆင်ပါသည်။

(၉) အမျိုးသားလွှတ်တော် ပြင်ဆင်ချက်အပိုဒ် ၁၇ အပိုဒ်ခွဲ (ဂ) အား သတ်မှတ်ချက် များနှင့်အညီ ခွင့်ပြုမတည်ငွေရင်းနှင့် အနည်းဆုံးထည့်ဝင်ပြီး မတည်ငွေရင်းရှိရမည် ဟု ပြင်ဆင်ပါသည်။

(၁၀) အမျိုးသားလွှတ်တော် ပြင်ဆင်ချက် အပိုဒ် ၁၈ အား အရေးအသားကျစ်လစ်စေရန် အတွက် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ကော်မရှင်ကထုတ်ပေးသော လိုင်စင်တစ်မျိုးမျိုးရရှိလျှင် လိုင်စင်အမျိုးအစားအလိုက် ခွင့်ပြုထားသော ငွေချေး သက်သေခံလက်မှတ်လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

(၁၁) အပိုဒ် ၁၉ အပိုဒ်ခွဲ (ခ) မူလပြဋ္ဌာန်းချက်အား မြန်မာနိုင်ငံကုမ္ပဏီများနှင့် သက်ဆိုင်သော တည်ဆဲဥပဒေနှင့်အညီ စာရင်းစစ်ကို ခန့်ထားခြင်းမပြုမီ ကော်မရှင်၏ ခွင့်ပြုချက်ကို ရယူရမည်ဟု ပြင်ဆင်ပါသည်။

(၁၂) အခန်း (၅) အပိုဒ် ၂၃ အား အရေးအသားကျစ်လစ်မှု ရှိစေရန်အတွက် လိုင်စင် အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်ဟု ပြင်ဆင်ပါသည်။

(၁၃) အပိုဒ် ၁၂ အပိုဒ်ခွဲ(တ)၊ အပိုဒ် ၂၆ အပိုဒ်ခွဲ (က)နှင့် အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၈ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၃ အပိုဒ်ခွဲ(က) နှင့်အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲ(ခ) တို့ပါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များတွင် လုပ်ငန်းလိုင်စင် စကားရပ်၌ လုပ်ငန်းဟူသော စကားရပ်သည် မလိုအပ်ပါသဖြင့်ပယ်ဖျက်၍ လိုင်စင်ဟု ပြင်ဆင်ပါသည်။

(၁၄) အပိုဒ် ၂၈ အပိုဒ်ခွဲ (က) အား ပုဒ်မ၂၅၊ ပုဒ်မ၂၆ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၂၇ အရ လျှောက်ထားသည့် လိုင်စင်လျှောက်လွှာ လက်ခံရရှိသည့်အခါ လိုင်စင်အမျိုးအစား အလိုက် သတ်မှတ်ထားသောအရည်အချင်းများ၊ စည်းကမ်းများနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၁၅) အပိုဒ် ၃၃ အပိုဒ်ခွဲ (က) မူလပြဋ္ဌာန်းချက်ရှိ နည်းဥပဒေများ စကားရပ်ရှိ များ စကားရပ်အား ပယ်ဖျက်၍ နည်းဥပဒေဟု ပြင်ဆင်ပါသည်။

(၁၆) အပိုဒ် ၃၄ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အား ကော်မရှင်သည် လိုင်စင်ရရှိသူက အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လိုင်စင်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၁၇) အပိုဒ် ၃၅ အပိုဒ်ခွဲ (င) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ရှိ အခန်း ၁၁ ပါ စကားရပ်အစား အခန်း ၉ ပါ ဟု ပြင်ဆင်ပါသည်။

(၁၈) အပိုဒ် ၃၅ အပိုဒ်ခွဲ (ဆ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ရှိ ပြစ်မှုထင်ရှား စကားရပ်သည် မလိုအပ်ပါသဖြင့် ပယ်ဖျက်၍ လိမ်လည်မှု၊ အလွဲသုံးစားမှု၊ ခိုးမှု၊ ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု သို့မဟုတ် ကိုယ်ကျင့်တရားနှင့် သက်ဆိုင်သော ပြစ်မှုဖြင့် အစီရင်ခံရခြင်း ဟု ပြင်ဆင်ပါသည်။

(၁၉) အပိုဒ် ၃၈ အပိုဒ်ခွဲ (က) အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်ရှိ အက်ဥပဒေ သို့မဟုတ် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေများအရစကားရပ်အစား သက်ဆိုင်သော တည်ဆဲဥပဒေများအရ စကားရပ်ကိုအစားထိုး၍ ကော်မရှင်ထံမှ ခွင့်ပြုချက် ရရှိပြီးနောက်

မြန်မာနိုင်ငံကုမ္ပဏီများနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများအရပေးရန် တာဝန်ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီ သို့မဟုတ် ဖက်စပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းတည်ထောင်သော အဖွဲ့အစည်းဖြစ်သည်ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၂၀) မူလပြဋ္ဌာန်းချက်နှင့် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များတွင် မပါဝင်သည့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည် စကားရပ်အား အပိုဒ် ၄၀ အပိုဒ်ခွဲ (ဃ) အဖြစ် အသစ်ဖြည့်စွက်ပါသည်။

(၂၁) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၄၃ ရှိ ပြင်ဆင်ရမည် စကားရပ်အား ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၂၂) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၄၇ အား ကောင်တာဈေးကွက်သည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရ မည်ဟု ပြင်ဆင်ပါသည်။

(၂၃) အပိုဒ် ၄၈ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ရှိ အခန်း ၁၁ ပါ စကားရပ်အစား အခန်း ၉ ပါဟု ပြင်ဆင်ပါသည်။

(၂၄) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၅၃ အပိုဒ်ခွဲ (ဂ) အား ပုဒ်မ ၃၄ အရ ကော်မရှင်က လိုင်စင်ရရှိသူအား လိုင်စင်ကိုကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုသည့် ဆုံးဖြတ်ချက်ဟု ပြင်ဆင်ပါသည်။

(၂၅) အခန်း(၁၁) တားမြစ်သည့်ပြုလုပ်မှုများဟူသော အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် ခေါင်းစဉ်အား အခန်း(၉)တားမြစ်သည့်ပြုလုပ်မှုများဟု ပြင်ဆင်ပါသည်။

(၂၆) အပိုဒ် ၅၁ မူလပြဋ္ဌာန်းချက်ရှိ အပြုအမူများမှာ စကားရပ်အား ခေါင်းစဉ်နှင့် လိုက်လျောညီထွေရှိစေရန် ပြုလုပ်မှုများ ဟု ပြင်ဆင်ပါသည်။

(၂၇) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၁၁ အပိုဒ် ၅၅ ရှိ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူမည်သူမျှ စကားရပ်အား ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူများသာမက ယင်းလုပ်ငန်းနှင့် ဆက်နွယ် ဆောင်ရွက်သူများအားလုံး အကျုံးဝင်စေရန် သက်ဆိုင်ရာ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူ စကားရပ်အား ပယ်ဖျက်ပါသည်။

(၂၈) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၁၁ အပိုဒ် ၅၆ အပိုဒ်ခွဲ (ခ) အား ကော်မရှင်၏ခွင့်ပြုမိန့်မရရှိဘဲ ကောင်တာဈေးကွက်ကိုဖြစ်စေ၊ စတော့အိပ်ချိန်း ကိုဖြစ်စေ ဖွဲ့စည်း တည်ထောင်ခြင်း၊ ကောင်တာဈေးကွက် သို့မဟုတ် စတော့ အိပ်ချိန်း၏ လုပ်ငန်းများ၊ ကောင်တာဈေးကွက် သို့မဟုတ် စတော့အိပ်ချိန်း သဘောသက်ရောက် သောလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၂၉) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အပိုဒ် ၆၁ အား မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်ကိုဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁၀ နှစ် ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၃၀) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၁၃ အပိုဒ် ၆၈ အား ဥပဒေရေးထုံးအရ မြန်မာနိုင်ငံတွင် ငွေချေးသက်သေခံလက်မှတ်ဈေးကွက်ကို ဤဥပဒေနှင့်အညီ ပီပြင်စွာ တည်ထောင်ပြီး စနစ်တကျလုပ်ကိုင်ဆောင်ရွက်ခြင်း မပြုနိုင်မီ ကူးပြောင်းဆဲကာလ အတွင်းဟု ပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၆၉ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့အတွက် စကားရပ်အစား ပြည်ထောင်စုအစိုးရအဖွဲ့၏ ဟု ပြင်ဆင်ပါသည်။

(၃၂) အပိုဒ် ၆၄ မူလပြဋ္ဌာန်းချက်အား ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်ဟု ပြင်ဆင်ပါသည်။

(၃၃) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၁၁ အပိုဒ် ၇၁ ရှိ ဝန်ကြီးဌာန၏ စကားရပ်အား ကော်မရှင်၏ဟု ပြင်ဆင်ပါသည်။

(၃၄) အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အခန်း ၁၃ အပိုဒ် ၇၂ အပိုဒ်ခွဲ (ခ) အား ဝန်ကြီးဌာနနှင့် ကော်မရှင်တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်ဟုပြင်ဆင်ပါသည်။

၇။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၄၅ နှင့်အညီ အတည်ပြုနိုင်ပါရန် လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ဒုတိယဝန်ကြီးဒေါက်တာလင်းအောင် တက်တယ်။ ဒီဥပဒေက ဒီတစ်ပတ်အတွင်း ကျွန်တော်တို့ အတည်ပြုပြဋ္ဌာန်းပေးရမယ့် ဥပဒေဟုတ်၊ မဟုတ်သိချင်ပါတယ်။

ဦး။ ။ ဒီဥပဒေက ကျွန်တော်သိသလောက်တော့ ဒီတစ်ပတ်အတွင်းတော့ လုပ်ပေးမယ်။ ဒီလွှတ်တော်ကာလ ၃ လ အဲဒီအတွင်းတော့ အတည်ပြုပေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မှန်ပါတယ်။ လွှတ်တော်ကာလအတွင်း ကျွန်တော်တို့ ဒီကော်မရှင်အဖွဲ့ဝင် တစ်ဦးက အစည်းအဝေးလုပ်တဲ့အခါမှာတင်ပြအပ်ပါတယ်။ ဒီဥပဒေက ဒီလွှတ်တော်ကာလ ဆဋ္ဌမပုံမှန် အစည်းအဝေးကာလအတွင်းမှာ အပြီးပြဋ္ဌာန်းပေးမှသာလျှင် ကျန်တဲ့လုပ်ငန်းတွေဆက်စပ်ဆောင်ရွက် ဖို့ဖြစ်တယ်ဆိုတာ တင်ပြထားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငွေချေးသက်သေခံ လက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်များ တိကျစွာဖော်ပြ၍ ၂၂-၁-၂၀၁၃ ရက်နေ့

နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံအမည်စာရင်း ပေးရန်ဖြစ်ပါ တယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဥပဒေကြမ်းကော်မတီရယ်၊ ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာကော်မတီရယ်ပြင်ဆင်အကြံပြုလိုသူများရဲ့ ခုနကပြောတဲ့ ရက်ကာလအတွင်းမှာ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ဒီဥပဒေကို လာမယ့် လရဲ့ လဆန်းအပိုင်းလောက်မှာဖြစ်ပြီးတော့ တစ်ခါ ပြည်ထောင်စုလွှတ်တော်မှာ ဆိုရင် ခုနကတင်ပြတဲ့ ဒေါက်တာလင်းအောင်တင်ပြတဲ့အတိုင်း ဒီ ၂ လ၊ ၃ လအတွင်းမှာ ပြီးသွားနိုင်တဲ့အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ အားလုံး ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ လွှတ်တော်ကို တင်ပြအပ်ပါတယ်။

ဆက်လက်၍ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(ခ)အရ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ မှကော်မတီအဖွဲ့ဝင် မွန်ပြည်နယ်၊ ဘီလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးအောင် ကရှင်းလင်းဖတ်ကြား သွားပါ သည်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြား တင်သွင်းရာတွင်-

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှပြင်ဆင်ရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှပေးပို့လာ သည့် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်မှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးရန် ပေးပို့လာပါကြောင်း၊

၂။ ၁၈၈၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် India Act – IV 1882 အရ အတည်ပြုပြဋ္ဌာန်းခဲ့သော The Transfer Of Property Act တွင် အခန်း(၈)ခန်း၊ ပုဒ်မပေါင်း ၁၃၇ ခုပါရှိပြီး လွှတ်တော်သို့ တင်သွင်းလာသည့် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ပုဒ်မ (၇) ခုဖြင့် စကားရပ်များအစားထိုးပြင်ဆင်ထားခြင်းနှင့် ပယ်ဖျက်ထားခြင်းတို့ကို လေ့လာတွေ့ရှိရပါကြောင်း၊

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် တင်သွင်းလာသည့် ဥပဒေကြမ်းကို ဥပဒေကြမ်းများ စိစစ်ရာတွင် လိုက်နာရမည့်အချက် ၁၂ ချက်နှင့်ညီညွတ်ခြင်းရှိ၊ မရှိစိစစ်ရန် ၃၁.၁၂.၂၀၁၂ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပါကြောင်း၊

၄။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် စကားရပ်ပြင်ဆင်သည့် ဥပဒေပုဒ်မ ၇ ခုပါရှိပါသည်။ ယင်းဥပဒေပုဒ်မတစ်ခုချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း -

(က) ပြင်ဆင်ချက်ပုဒ်မ ၁ မူလပြဋ္ဌာန်းချက်မရှိ၊ ပြင်ဆင်သည့်ပြဋ္ဌာန်းချက်မှာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟုဖြစ်ပါသည်။

(ခ) ပုဒ်မ ၂ မူလပုဒ်မ ၅၄ One hundred Kyats အစား One hundred thousand kyats ဟု ပြင်ဆင်ရန်လည်းကောင်း

(ဂ) ပုဒ်မ ၃ ပုဒ်မခွဲ(က) မူလဥပဒေ က(၁) Government Of India or ဟူသည့်စကားရပ်အား ပယ်ဖျက်ရန်

ပုဒ်မခွဲ(ခ) မူလဥပဒေ က(၁) The Government Of the Union Of Burma ဟူသည့်စကားရပ် အစား The Government of the Republic of the Union of Myanmar ဟူ၍လည်းကောင်း

ပုဒ်မခွဲ(ဂ) မူလပုဒ်မ (c) the High Court ဟူသည့်စကားရပ်အစား the High Court of the Region or the High Court of the State ဟုပြင်ဆင်ရန်လည်းကောင်း

(ဃ) ပုဒ်မ ၄ မူလပုဒ်မ ၅၈(စ) in any of the following towns, namely, the towns of Yangon, Mawlamyine, Pathein and Sittwe, and in any other town which the president of the Union may, by notification in the Gazette, specify in this behalf ဟူသည့်စကားရပ်အား ပယ်ဖျက်ရန်

(င) ပုဒ်မ ၅ မူလပုဒ်မ ၅၉ One hundred kyats ဟူသည့်စကားရပ်အစား One hundred thousand kyats ဟု ပြင်ဆင်ရန်လည်းကောင်း

(စ) ပုဒ်မ ၆ မူလပုဒ်မ ၆၉(၁)/(ဂ) Situate within the towns of Yangon, Mawlamyine, Pathein, Sittwe or in any other town of area which the President of the Union may, by notification in the Gazette, specify in this behalf ဟူသည့်စကားရပ်အစား ကျွန်တော်တို့ ဖြန့်ဝေထားတဲ့အစီရင်ခံစာမှာ ပယ်ဖျက်ရန်ဟူ၍ မှားယွင်းရိုက်နှိပ်ဖော်ပြထားပါတယ်ကြောင်း အမှန်မှာ စကားရပ်အစားထိုးပြင်ဆင်မှာဖြစ်ကွောင်း ပြန်လည်ပြင်ဆင် ထားတဲ့အစီရင်ခံစာကို လွှတ်တော်ကိုလည်း ပြန်လည်ဖြန့်ဝေသွားမှာ ဖြစ်ကြောင်း

(စ) ပြင်ဆင်သည့်စကားရပ်မှာ Situate and any Town of Republic of the Union of Myanmar ဟူသည့်စကားရပ်နဲ့အစားထိုးမှာဖြစ်ပါကွောင်း၊

(ဆ) ပုဒ်မ ၇ မူလပုဒ်မ ၁၀၄ the High Court ဟူသည့်စကားရပ်အစား the Supreme Court of the Union ဟု စကားရပ်ချင်းအစားထိုးပြင်ဆင်မှာဖြစ်ပါကြောင်း၊

၅။ အထက်ဖော်ပြပါ စကားရပ်အစားထိုးပြင်ဆင်ချက်များသည် ခေတ်ကာလနှင့်ကိုက်ညီစေရန် လည်းကောင်း၊ ပြောင်းလဲလာသော ခေတ်ကာလအခြေအနေအရ စကားရပ်ပြင်ဆင်ခြင်း များဖြစ်၍ လည်းကောင်း ပြင်ဆင်သင့်သည့်အချက်များဖြစ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊

၆။ သို့ဖြစ်ပါ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှရေးဆွဲတင်ပြလာသည့် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄ အရစိစစ်ခဲ့ကြပြီး နည်းဥပဒေ ၄၅ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖတ်ကြားသွားပါသည်။

**ဥက္ကဋ္ဌ** ။ ။ တရားလွှတ်တော်ချုပ်ရဲ့ကိုယ်စားလှယ် ဦးစိုးညွန့်က ယခုတင်ပြချက်နှင့် ပတ်သက်ပြီး ဒီဥပဒေကြမ်းကို အချိန်ကာလဘယ်လောက်ယူပြီးဆွေးနွေးမည်ဆိုမှ အဆင်ပြေပါကြောင်း၊ အဆိုပါဥပဒေသည် အရေးတကြီးပြဋ္ဌာန်းဖို့လိုသည့် ဥပဒေဟုတ်၊ မဟုတ် သိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကပြောကြားရာတွင်

**ဦးစိုးညွန့်(တရားသူကြီး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)** ။ ပြဋ္ဌာန်းဖို့လိုပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ကဲဒါကြောင့် ဒီဥပဒေကြမ်းပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကြမ်းကော်မတီရယ်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရယ်၊ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရယ် ဆက်လက်ဆောင်ရွက်ပေးဖို့နှင့် ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များဟာ ၂၂-၁-၂၀၁၃ ရက်နေ့မှာ လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံစာရင်းပေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ တရားလွှတ်တော်ချုပ်ရဲ့ကိုယ်စားလှယ် ဦးစိုးညွန့် အခုတင်ပြချက်နဲ့ပတ်သက် ပြီးတော့ ဒီဥပဒေကြမ်းကို ကျွန်တော်တို့ အချိန်ကာလ ဘယ်လောက်ယူပြီးဆွေးနွေးမယ်ဆိုမှ အဆင်ပြေ ပါမယ်။ ဒီဟာလည်း ကျွန်တော်တို့ အရေးတကြီးပြဋ္ဌာန်းဖို့လိုတဲ့ ဥပဒေ ဟုတ်၊ မဟုတ် သိလိုပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်)** ။ ပြဋ္ဌာန်းဖို့လိုပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ဒါကြောင့် ဒီဥပဒေကြမ်းပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေကြမ်းကော်မတီရယ်၊ တရားရေးနှင့် ဥပဒေရေးရာကော်မတီရယ်၊ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရယ် ဆက်လက်ဆောင်ရွက်ပေးဖို့နဲ့ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ၂၂-၁-၂၀၁၃ နေ့မှာ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ (က) အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သောပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်)** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရား လွှတ်တော် ချုပ်တရားသူကြီး ဦးစိုးညွန့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကိုယ်စား ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေအား ဆွေးနွေးစဉ်းစားနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကို အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

၁။ ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူအက်ဥပဒေ (The Custodian of Movable Property Act,1945) အား ဒုတိယကမ္ဘာစစ်ကြောင့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း များကို လက်လွှတ်ဆုံးရှုံးခဲ့ရသည့် ပိုင်ရှင်များ ပစ္စည်းများ ပြန်လည်ရရှိနိုင်ရန်နှင့် ပစ္စည်း ပိုင်ရှင်များကို ပြန်လည်ပေးအပ်နိုင်ရန်အတွက် ပစ္စည်းထိန်းခန့်အပ်နိုင်ရန်အတွက် ရည်ရွယ်ပြီးတော့ ပြဋ္ဌာန်း ထားခဲ့တဲ့ဥပဒေဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးကြောင့် လက်လွှတ်ဆုံးရှုံးခဲ့ရတဲ့ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းတွေကို ဒီပစ္စည်းထိန်းထံမှ ပြန်လည်တောင်းခံနိုင်တဲ့ကာလကိုဥပဒေမှာ ၁၉၄၈ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နဲ့ ၁၉၄၈ ခုနှစ် နိုဝင်ဘာလ ၁ ရက်လို့ သတ်မှတ်ထားပါတယ်။ ယခုအခါမှာတော့ အဲ့ဒီသတ်မှတ်ချက်ရဲ့ နှစ်ပေါင်းများစွာ ကျော်လွန်လာခဲ့ပြီဖြစ်တဲ့အတွက် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို ပစ္စည်းထိန်းထံမှ ပြန်လည်တောင်းခံနိုင်ခွင့်ဟာ ဆိတ်သုဉ်း သွားပြီဖြစ်သည်ဟုဆိုနိုင်ပါသည်။ ထို့အပြင်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ခေတ်ကာလ အခြေအနေ နှင့် ဆီလျော်မှုမရှိတော့ခြင်း အချိန်ကာလကြာမြင့်စွာ ကျင့်သုံးမှုမရှိခြင်း၊ နောင်အနာဂတ်ကာလမှာလည်း ဆက်လက်ကျင့်သုံးဖွယ်ရာ အကြောင်းမရှိခြင်းတို့ကြောင့် ရုပ်သိမ်းရန် လိုအပ်သဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ရေးဆွဲထားတဲ့ ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေမူကြမ်းအား ပြည်သူ့ လွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ (ခ) အရ ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီအရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဥပဒေကြမ်းကော်မတီ ကိုယ်စား ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း အစီရင်ခံစာ တင်ပြသွားမှာဖြစ်ပါတယ်။

၁။ ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူအက်ဥပဒေ (The Custodian of Movable Property Act,1945) သည် ဒုတိယကမ္ဘာစစ်ကြောင့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို လက်လွတ်ဆုံးရှုံးခဲ့ရသည့် ပိုင်ရှင်များ၏ ပစ္စည်းများ ပြန်လည်ရရှိနိုင်ရန်နှင့် ပစ္စည်း ပိုင်ရှင်များသို့ ပြန်လည်ပေးအပ်နိုင်ရန်အတွက် ပစ္စည်းထိန်းခန့်အပ်နိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်ကြောင့် လက်လွတ်ဆုံးရှုံးခဲ့ရသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ပစ္စည်းထိန်းထံမှ ပြန်လည်တောင်းခံနိုင်ရန် ကာလသတ်မှတ်ချက်ကို ယင်း ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (၂)တွင် 1st November 1948 ဟူ၍ လည်းကောင်း၊ ပုဒ်မ ၉ ပုဒ်မခွဲ (၁-က)တွင် 31st October 1948 ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၂။ အဆိုပါကာလသတ်မှတ်ချက်သည် ယခုအခါ နှစ်ပေါင်းများစွာ ကျော်လွန်သွားပြီဖြစ်၍ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများအား ပစ္စည်းထိန်းထံမှ ပြန်လည်တောင်းခံနိုင်ခွင့် ဆိတ်သုဉ်း သွားပြီဖြစ်သည်ဟုဆိုနိုင်ပါသည်။ ထို့အပြင်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ခေတ်ကာလအခြေအနေ နှင့် ဆီလျော်မှုမရှိတော့ခြင်း အချိန်ကာလကြာမြင့်စွာ ကျင့်သုံးမှုမရှိခြင်း၊ နောင်အနာဂါတ်တွင်လည်း ဆက်လက်ကျင့်သုံးရန် အကြောင်းမရှိခြင်းတို့ကြောင့် ရုပ်သိမ်းရန် လိုအပ်သဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် ဤအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ရေးဆွဲပြုစုခဲ့ပါသည်။

၃။ ထိုသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြုစုရေးဆွဲထားသည့် ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း အား ပြည်ထောင်စုလွှတ်တော်သို့ အထက်ရည်ညွှန်း (၁)ပါစာဖြင့် ပေးပို့ခဲ့ပါသည်။

၄။ ပြည်ထောင်စုလွှတ်တော်မှ အထက်ရည်ညွှန်း (၂)ပါစာဖြင့် ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးရန် ပေးပို့ခဲ့မှုအပေါ်တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁ (က)၊ ၄၄ နှင့် ၄၅ တို့နှင့် အညီ ဆောင်ရွက်နိုင်ရန် ၃၁- ၁၂-၂၀၁၂ ရက်နေ့တွင် ကော်မတီ အစည်းအဝေး ကျင်းပခဲ့ပါသည်။

၅။ ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းတွင် ပုဒ်မ ၂ ခုပါရှိပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအား လွှတ်တော် မှ တာဝန်ပေးအပ်ထားသည့် အချက် ၁၂ ချက်နှင့် လေ့လာစိစစ်ခဲ့ကြရာ ယင်းအချက် ၁၂ ချက် နှင့် ကိုက်ညီမှုရှိကြောင်း လေ့လာစိစစ်တွေ့ရှိရပါသည်။

၆။ သို့ဖြစ်ပါ၍ ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄ နှင့်အညီ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၄၅ အရ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆ အရ ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့်

ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကိုထပ်မံကြေညာပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နှင့်အညီ နည်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေး လိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၂-၁-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံအမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာပါတယ်။ ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီ၊ တရားရေးနှင့် ဥပဒေရေးရာကော်မတီနှင့် ဆွေးနွေးလိုသူများ စုပေါင်းဆောင်ရွက်နိုင်ရန်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၁၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

**၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သောပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းကိုဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါကအမည်စာရင်းတင်သွင်းနိုင်ကြောင်းဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ နည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို အတိအကျဖော်ပြ၍ ၂၂-၁-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင် ကြောင်း ကြေညာပါတယ်။ ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီ၊ တရားရေးနှင့် ဥပဒေရေးရာကော်မတီ နှင့် ဆွေးနွေးလိုသူများ စုပေါင်းဆောင်ရွက်နိုင်ရန် ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်က၁၉၉၃ ခုနှစ် စည်ပင်သာယာရေးဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းကိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ (က)အရ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်း မဲဆန္ဒနယ်က ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်တဲ့အတွက် အဆိုတင်သွင်းရန် ဒေါ်တင်နွယ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရန် နှစ်သစ်ကူးမှာ ဆုတောင်းအပ်ပါတယ်။ ကျွန်မကတော့ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်။ အခြားကော်မတီဝင်တွေကဲ့သို့ ပြောရမယ်ဆိုလို့ရှိရင် BAC ပူးပေါင်းအဖွဲ့ဝင် ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ The Grand and Finical Development မှာလည်း အဖွဲ့ဝင် ဖြစ်ပါတယ်။

ဒီဥပဒေကိုတင်တဲ့ရည်ရွယ်ချက်ကိုလည်း နည်းနည်းလေးရှင်းရမယ်ဆိုရင် စက်တင်ဘာ ၂၇ ရက်တုန်း က လွှတ်တော်ဥက္ကဋ္ဌကြီးဆီ စာရေးပြီးတော့ ဒီဥပဒေကြမ်းလေးပြင်ဖို့ဆိုပြီးတော့ တင်ပါတယ်။ တင်ရတဲ့အကြောင်းအရင်းက ဘာလဲဆိုတော့ ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ဒီမိုကရေစီ အရေးတကြီးလိုအပ်တယ်ဆိုပြီးတော့ အုပ်ချုပ်ရေးယန္တရား အကောင်အထည်ဖော်ဖို့ဆိုပြီး တော့ Proposel တင်ဖူးပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ တိုင်းနှင့်ပြည်နယ် ဒေသကြီး အုပ်ချုပ်မှုပြုလုပ်တဲ့အခါမှာ ပြည်ထောင်စုအဆင့်က တိုက်ရိုက်ကွပ်ကဲအုပ်ချုပ်ရမယ်၊ ဘယ်အဆင့်ဆိုရင် တိုင်းဒေသကြီးက ခွဲပြီးအုပ်ချုပ်ရမယ်ဆိုပြီးတော့ Vertically ရော၊ Horizontally ရော ခွဲခြမ်းစိတ်ဖြာစဉ်းစားတတ်အောင် ကျွန်မက လေ့လာရင်းနဲ့ ဒီဥပဒေကိုတွေ့လို့ သီးခြားတင်ပြရ ခြင်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြီးခဲ့တဲ့ ၁၅ ရက်နေ့မြောက် ပဉ္စမပုံမှန်အစည်းအဝေးမှာတုန်းကလည်း တစ်ခါ အကျိုးအကြောင်း ဖော်ပြချက်တော့ တင်ပြခြင်းဖြစ်ပါတယ်။ ဒါပေမယ့် အခုထပ်ပြီးတော့ တင်ပြရမယ်ဆိုရင် ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့ဥပဒေ တစ်နည်းအားဖြင့် နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥပဒေအမှတ် (၅/၉၃)ကို ရုပ်သိမ်းသည့်ဥပဒေနှင့်ပတ်သက်၍ အကျိုး အကြောင်းကို အောက်ပါအတိုင်း ဖော်ပြရှင်းလင်းတင်ပြအပ်ပါတယ်။

(၁) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား (၂) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းအရ ဒေသဆိုင်ရာ လွှတ်တော်များမှ မိမိတို့၏ ဥပဒေပြုမှု အာဏာရပ်ကို လွတ်လပ်ပွင့်လင်းစွာ ဆောင်ရွက်နိုင်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာများ ခွဲဝေအပ်နှင်း ထားသည့်မှု (Decentralization) ကို ဥပဒေအရ အကျိုးသက်ရောက်စေရန်အတွက် ဤဥပဒေကို ပြဋ္ဌာန်းပေးရန် လိုအပ်လာပါတယ်။ ထို့အပြင် (၂) အချက်အနေနဲ့ဆိုရင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၉၆ ဇယား (၁) ပြည်ထောင်စုဥပဒေပြုစာရင်းတွင် စည်ပင်သာယာရေးနှင့် စပ်လျဉ်းပြီး ဥပဒေပြုနိုင်ရန် သတ်မှတ်ဖော်ပြထားခြင်းမတွေ့ရပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေ စာအုပ်ပါလို့ရှိရင် Refer လုပ်လို့ရပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် (၅/၉၃)နှင့် ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့ဥပဒေကို ပြဋ္ဌာန်းခဲ့ရခြင်းမှာ ယနေ့လက်ရှိ ကာလအနေအထားတွင် အခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၀၈ အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား (၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အပိုဒ် ၈ စီမံခန့်ခွဲရေးကဏ္ဍ အပိုဒ်ခွဲငယ် (က) တွင် စည်ပင်သာယာရေးဟု ပြဋ္ဌာန်းပါရှိသဖြင့် လက်တွေ့တွင် ကိုက်ညီမှုမရှိတာတွေ့ရပါတယ်။ တစ်ဖန် (၃)အနေနဲ့ဆိုရင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၁ (ခ)မှာ ထိုသို့ ပိုင်းခြားထားသည့် နိုင်ငံတော်အာဏာသုံးရပ်ကို ပြည်ထောင်စု တိုင်းဒေသကြီးများ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်းသည်ဟု ပြဋ္ဌာန်းထားသည့်အတွက် အတိအလင်း (Retaliation) တစ်နည်းအားဖြင့် ဒေသအန္တရအုပ်ချုပ်ရေး (Regional Administration) အဖြစ် အာဏာခွဲဝေအပ်နှင်းထားတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မက ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ ရုပ်သိမ်းနိုင် ရန်အတွက် အခုခေတ်ကာလနှင့် မကိုက်ညီတဲ့အတွက် အဆိုပါ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့ များဥပဒေ တစ်နည်းအားဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၅/၉၃) ကို သက်ဆိုင်ရာ ပြည်နယ်တိုင်းများအလိုက် စုစည်းပြီးတော့ သီးခြားစီ ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် အခုလိုတင်ပြရခြင်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင်

တိုင်းနှင့်ပြည်နယ်တွေရဲ့ Only Source of Income မှာ စည်ပင်သာယာရေးအဖွဲ့ကပဲရမှာ ဖြစ်ပါတယ်။ ကျွန်မက ဥပဒေကြမ်းလေး ဖတ်ကြားပါမယ်။

၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေ၊ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥပဒေအမှတ်(၅/၉၃)) ကို ရုပ်သိမ်းသည့်ဥပဒေ (၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်- ) ၁၃၇၄ ခုနှစ် ......... လ .... ရက်။ ၂၀၁၃ ခုနှစ် ....... လ .... ရက် ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်သည် ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ အမည်ခေါ်တွင်ခြင်း။ နံပါတ် (၁) က ဤဥပဒေကို ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေ ရမည်။ (၂) ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို သက်ဆိုင်ရာ ပြည်နယ်တိုင်းများ အလိုက် စည်ပင်သာယာရေးဥပဒေပြဋ္ဌာန်းသည့်နေ့မှစ၍ ဤဥပဒေကို ရုပ်သိမ်းခွင့်ပြုလိုက်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။ ပုံ သိန်းစိန် နိုင်ငံတော်သမ္မတ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

## ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကိုဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်မှာ တင်ပြဖို့ကတော့ ဒီဥပဒေကြမ်းတင်သွင်းဆွေးနွေးဖို့ အဆိုပြု တင်ပြပါသည်ဆိုတဲ့ဟာပဲ ဖြစ်ရပါမယ်။ ဒါပေမယ့် ကျွန်တော်တို့ သဘောသဘာဝအရ ဒီလိုရှိသော် လည်း အစုတင်ပြချက်ကို ကျွန်တော်တို့ လက်ခံဆောင်ရွက်မှာ ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(ခ)အရ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါ တယ်ရှင့်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်ဖြစ်ပါတယ်ရှင့်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့ဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်(၅/၉၃) ကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးမှ တင်သွင်းလာသော ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့ ဥပဒေအမှတ် (၅/၉၃) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁ (ခ)အရ ဆောင်ရွက် နိုင်ရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသို့ ပေးပို့လာပါသည်။

၂။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား (၂)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင်ဒေသဆိုင်ရာ လွှတ်တော်များမှ မိမိတို့၏ ဥပဒေပြုမှုအာဏာရပ်ကို လွတ်လပ်ပွင့်လင်းစွာဖြင့် ဆောင်ရွက်နိုင်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာများ ခွဲဝေ အပ်နှင်းထားသည့်မူ Decentralization ကို ဥပဒေအရအကျိုးသက်ရောက်စေရန် လိုအပ်ပါကြောင်း ကို ဒေါ်တင်နွယ်ဦးက တင်ပြထားပါသည်။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ ဇယား (၁) ပြည်ထောင်စုဥပဒေပြုစာရင်းတွင် စည်ပင် သာယာရေးနှင့် စပ်လျဉ်းပြီး ဥပဒေပြုနိုင်ရန် သတ်မှတ်ဖော်ပြထားခြင်းမရှိပါ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် (၅/၉၃) ဖြင့် ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းမှာ ယနေ့လက်ရှိကာလအနေအထားတွင် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက် များနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရပါသည်။ အခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား (၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းတွင် အပိုဒ် (စ) စီမံခန့်ခွဲရေးကဏ္ဍ အပိုဒ်ခွဲငယ် (က) တွင် စည်ပင်သာယာရေးဟု ပြဋ္ဌာန်းထားပါသည်။

၄။ ထို့ကြောင့် နိုင်ငံတော်အာဏာသုံးရပ်ကို ခွဲဝေအပ်နှင်းသည်ဟု အခြေခံဥပဒေပုဒ်မ ၁၁ (ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဥပဒေပြုစာရင်းတွင် ပါဝင်သည့် ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၃)ကို ခေတ်ကာလနှင့်မကိုက်ညီတော့သဖြင့် ဖျက်သိမ်းရန်လိုအပ်ပါကြောင်း၊ ဥပဒေကြမ်းကို ရေးဆွဲပြုစုတင်ပြထားသော ဒေါ်တင်နွယ်ဦးမှ အကျိုးအကြောင်း ရှင်းလင်းဖော်ပြ ထားပါသည်။

၅။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၃-၁၁-၂၀၁၂ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့တွင် တင်သွင်းခဲ့ပြီး ပြည်သူ့ လွှတ်တော်မှ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၆။ ထို့ကြောင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၃၀-၁၁-၂၀၁၂ ရက်နေ့တွင် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၊ နေပြည်တော် စည်ပင်သာယာရေးကောင်စီနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနများတွင် မည်သို့ဆောင်ရွက်ထားသည်ကို အကြောင်းပြန်ကြားပေးပါရန် ညှိနှိုင်းစာများ ပေးပို့ခဲ့ပါသည်။

၇။ ထိုသို့ပေးပို့ချက်အရ အောက်ဖော်ပြပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များမှ အကြောင်းပြန်ကြားလာပါသည် -

(၁) ၂၀-၁၂-၂၀၁၂ ရက်စွဲပါစာအရ ကချင်ပြည်နယ် လွှတ်တော်တွင် ဥပဒေမူကြမ်း အတည်ပြု နိုင်ရေး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ထားပါကြောင်း၊

(၂) ၁၄-၁၂-၂၀၁၂ ရက်စွဲပါစာအရ ကယားပြည်နယ်လွှတ်တော်တွင် လွှတ်တော်မှ အတည်ပြု နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊

(၃) ၂၁-၁၂-၂၀၁၂ ရက်စွဲပါစာအရ ကရင်ပြည်နယ်လွှတ်တော်တွင် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေအဖြစ်ထုတ်ပြန်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေကို အတည်ပြုပြီးဖြစ်ကြောင်း၊

(၄) ၁၈-၁၂-၂၀၁၂ ရက်စွဲပါစာအရ ချင်းပြည်နယ်လွှတ်တော်တွင် စည်ပင်သာယာရေး ဥပဒေမူကြမ်း ရေးဆွဲရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊

(၅) ၁၈-၁၂-၂၀၁၂ ရက်စွဲပါစာအရ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် ပထမအကြိမ်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး၌ အတည်ပြုပြီး ဥပဒေအဖြစ်ထုတ်ပြန်ပြီး ဖြစ်ကြောင်း၊

(၆) ၂၀-၁၂-၂၀၁၂ ရက်စွဲပါစာအရ မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် ပြင်ဆင်သည့်ဥပဒေများအတည်ပြုပြီး ဖြစ်ကြောင်းနှင့် စည်ပင်သာယာရေးဥပဒေများရေးဆွဲရေး အတည်ပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊

(၇) ၁၁-၁၂-၂၀၁၂ ရက်စွဲပါစာအရ မကွေးတိုင်းဒေသကြီးလွှတ်တော်တွင် ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊

(၈) ၃၁-၁၁-၂၀၁၂ ရက်စွဲပါစာအရ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် အစိုးရတွင်အတည်ပြုပြီး တိုင်းဒေသကြီး လွှတ်တော်တွင် အတည်ပြုရန်ကျန်ရှိနေကြောင်း၊

(၉) ၂၀-၁၂-၂၀၁၂ ရက်စွဲပါစာအရ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်တွင် ဥပဒေကြမ်းကိုအစိုးရအဖွဲ့မှ အတည်ပြုပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပို့ထားကြောင်း၊

(၁၀) ၁၀-၁၂-၂၀၁၂ ရက်စွဲပါစာအရ မွန်ပြည်နယ်လွှတ်တော်တွင် ပထမအကြိမ် ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး၌ ၂၀၁၂ ခုနှစ် မွန်ပြည်နယ် လွှတ်တော်ဥပဒေ အမှတ်(၆) အဖြစ် အတည်ပြုပြဋ္ဌာန်းပြီးကြောင်း၊

(၁၁) ၁၇-၁၂-၂၀၁၂ ရက်စွဲပါစာအရ ရှမ်းပြည်နယ်လွှတ်တော်တွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဖြည့်စွက်အကြံပြုချက်များဖြင့် ရှမ်းပြည်နယ်အစိုးရသို့ တင်ပြထားကြောင်း၊

(၁၂) ၁၂-၁၂-၂၀၁၂ ရက်စွဲပါစာအရ နေပြည်တော်စည်ပင်တွင် ဥပဒေကို ပြင်ဆင်ရေးဆွဲပြီးဖြည့်စွက်ရန် အချက်များဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့တင်ပြထားကြောင်း၊

(၁၃) ၂၈-၁၂-၂၀၁၂ ရက်စွဲပါစာအရ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဒေသနှင့် ကိုက်ညီ သောသီးခြားစည်ပင်သာယာရေးဥပဒေအတည်ပြုနိုင်ရေး ရှမ်းပြည်နယ်အစိုးရသို့တင်ပြ ထားပြီးဖြစ်ကြောင်း၊

၈။ အထက်ဖော်ပြပါ အကြောင်းပြန်ကြားချက်များအရ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသဦးစီးအဖွဲ့များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့တွင်

သက်ဆိုင်သည့် စည်ပင်သာယာရေးဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိနေ ကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်နှင့် မွန်ပြည်နယ်လွှတ်တော်များတွင်သာ အတည်ပြုပြဋ္ဌာန်းနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၉။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီး အဖွဲ့များနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့တွင် စည်ပင်သာယာရေးဥပဒေများ အတည်ပြုပြဋ္ဌာန်းပြီးသည့်အချိန်မှသာ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ရုပ်သိမ်း သည့် ဥပဒေကြမ်းအား အတည်ပြုသင့်ပါကြောင်း လေ့လာစိစစ် တွေ့ရှိရပါသည်။

၁၀။ သို့ဖြစ်ပါ၍ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၄၅ အရ အတည်ပြုနိုင်ရန် အစီရင်ခံတင်ပြအပ်ပါသည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဥပဒေကြမ်းကော်မတီရဲ့ အဓိက သုံးသပ်တင်ပြချက်မှာ စာမျက်နှာ ၄ စာပိုဒ် ၉ ပါ အကြောင်းအရာ ဖြစ်ပါတယ်။ အကြောင်းအရာ ဖတ်ကြားတင်ပြပါမယ်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ ဒေသဦးစီးအဖွဲ့များနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့တွင် စည်ပင်သာယာရေး ဥပဒေများ အတည်ပြုပြဋ္ဌာန်းပြီးသည့်အချိန်ကာလမှသာ ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုသင့်ပါကြောင်း လေ့လာစိစစ် တွေ့ရှိရပါတယ် လို့ တင်ပြထားတာရှိပါတယ်။ တစ်ခါ စာပိုဒ် ၇ မှာ တိုင်းဒေသကြီး အသီးသီးရဲ့ စည်ပင်သာယာရေး ဥပဒေနှင့်ပတ်သက်ပြီးတော့ ဆောင်ရွက်ချက်များကို ရှင်းလင်းထားတာတွေ့ရပါတယ်။ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့ဟာ ဒီစည်ပင်သာယာဥပဒေများ အတည်ပြုပြဋ္ဌာန်းပြီးကြောင်း တွေ့ရှိရပါတယ်။ ကျန်တဲ့တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ဟာ ဆောင်ရွက် ဆဲဖြစ်နေကြောင်း တွေ့ရှိရပါတယ်။ အဲဒီကျန်တဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတို့ပြီးမှသာ ဒီဥပဒေကို အတည်ပြုသင့်တယ်လို့ ဆိုခြင်းဟာလည်း အပြည့်အဝ ဆောင်ရွက်သင့် တဲ့ကိစ္စမဟုတ်ဘူးလို့လည်း ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ဥပဒေကြမ်း ကော်မတီနဲ့သက်ဆိုင်သည့် အဖွဲ့အစည်းများ ပြန်လည်ဆွေးနွေးပြီး ခြွင်းချက်အနေနဲ့ ဆိုကြပါစို့။ စစ်ကိုင်းတိုင်းကပြီးရင် စစ်ကိုင်းတိုင်း၊ မွန်ပြည်နယ်က ပြီးရင် မွန်ပြည်နယ်အတွက် မှတ်ချက်အနေနဲ့ ဖော်ပြပြီး ဒီတိုင်းတွေအတွက်တော့ သက်ဆိုင်ရာတိုင်းတွေက ရေးဆွဲအတည်ပြုပြဋ္ဌာန်းထားတဲ့ ဥပဒေ အတိုင်းလိုက်နာပြီး ကျန်တဲ့တိုင်းတွေကတော့ လက်ရှိ ၁၉၉၃ ခုနှစ် ဥပဒေအတိုင်းဆောင်ရွက်ရမယ် ဆိုတာ ဖြစ်နိုင်၊ မဖြစ်နိုင် ပညာရှင်များနှင့် သက်ဆိုင်ရာကော်မတီများ သုံးသပ်ပြီး ဆောင်ရွက်ဖို့ ဒီရဲ့ ဆုံးဖြတ်ချက်ကို ဒီနေ့ မချသေးဘဲနှင့် အဲ့ဒီလိုပြန်လည်ဆွေးနွေးတင်ပြပြီးတော့မှ ဆောင်ရွက်မှာ ဖြစ်ကြောင်း လွှတ်တော်က တင်ပြပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့်အစည်းအဝေးဒုတိယနေ့ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်(သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

အချိန်၊ ၁၂း၅၅။

**အခမ်းအနားမှူး** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင် ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ကို ၁၂း၅၅ နာရီတွင် ရပ်နားပါသည်။]